The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း

e-Paper-0051

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်



# အင်းလေးကန် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဖေဖော်ဝါရီ ၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ကလောခရိုင်၊ ညောင်ရွှေမြို့နယ် အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကန်အတွင်းသို့ စီးဝင်သည့် ရေလမ်းကြောင်းများ၊ အင်းလေးကန် ဧရိယာ၏ လက်ရှိမြေအသုံးချမှု အခြေအနေ၊ စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်း၊ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်း နှင့် တည်ဆောက်ပြီး နုန်းထိန်းတမံ၊ နုန်းဖမ်းဆည်များ ထိန်းသိမ်းဆောင်ရွက်နေမှု၊ သဲနုန်းတူးဖော်ခြင်လုပ်ငန်းများနှင့် အဓိကရေလမ်းတစ်လျှောက် ရေလမ်းအမှတ်အသားနှင့် နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်းလုပ်ငန်း၊ ရေမှော်၊ဗေဒါများ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ချက်များ၊ ကျွန်းမျောများ ရှင်းလင်းခြင်းနှင့် အထောက်အကူပြုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က အင်းလေးကန် မတိမ်ကောစေရန်နှင့် သဘာဝဝန်းကျင်ဂေဟစနစ် မပျက်သုဉ်းစေရန်၊ ကန်ရေပြင်ကျယ်အတွင်းနှင့် စက်လှေ ရေလမ်းကြောင်းတစ်လျှောက် ဗေဒါများ ကျွန်းမျောပေါင်းများ ဆယ်ယူရေးဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အင်းလေးကန် အစဉ်သာယာလှပ စိမ်းလန်း စိုပြည်နေစေရေး ဆောင်ရွက်ရန်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းများအားလုံး ပွင့်လင်း ရာသီအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေး စီမံပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန်၏ မြောက်ဘက်မှ တစ်နှစ်ပတ်လုံး စီးဝင်လျက်ရှိသည့် နမ့်လတ်ချောင်းအား အုတ်ဖိုရွာအနီးတွင် ကျောက်စီ ရေလွှဲဆည်တည်ဆောက်ရေလွှဲယူ၍ နုန်းစစ်အနည်ထိုင်စေခြင်းဖြင့် အင်းလေးကန် အတွင်း နုန်းများတိုက်ရိုက် ဝင်ရောက်မှုမှကာကွယ်ရန် တည်ဆောက်ထားသည့် နဒီကန် နှင့် သာစည်ကန်အား ကြည့်ရှုစစ်ဆေးပြီး ဆယ်ယူရရှိသော နုန်းများကို တောင်သူများ၏ စိုက်ပျိုး

စာ-၃ သို့

စနစ်သစ်ကျွဲနွားမွေးမြူရေးဖြင့် စားသုံးမှု ပြည်ပတင်ပို့မှု အတွက် ဖြည့်ဆည်းရေး.... စာ – ၈

စိုက်ပျိုးစီးပွား မြင့်မားစေရန် ကြိုးစားကြမည် တွဲလက်ညီ.. စာ – ၁၆



# ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်

နေပြည်တော်၊ ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ စီမံဆောင်ရွက်ပေးရန် တောင်ကြီးမြို့တွင်ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဖေဖော်ဝါရီလ ၇ ရက်နေ့ နေ့လယ်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာယောစိုက်ပျိုးရေးသုတေသနခြံ၊ စိုက်ပျိုးရေးဦးစီးဌာန တာယောမျိုးသန့်ခြံနှင့် ထုံးဖို စိုက်ပျိုးရေးသုတေသနခြံ တို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာယောစိုက်ပျိုးရေးသုတေသနခြံ သို့ရောက်ရှိပြီး ပဲပုတ်နှင့် နေကြာသုတေသနပြု စိုက်ကွင်းအား ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းအတွင်း မိုးရာသီ ရေကြီးရေလျှံမဖြစ်ပွားစေရေး အတွက် ရေကာတမံတည်ဆောက်မည့် အစီအမံနှင့် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ရရှိရေးဆောင်ရွက်နေမှု အပေါ် လိုအပ်သည်များ ညွှန်ကြားဖြည့်ဆည်းပေးခဲ့သည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီး သည် စိုက်ပျိုးရေးဦးစီးဌာန တာယောမျိုးသန့်ခြံ သို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း ဆိုလာရေတင်စနစ်ဖြင့် ရေတင်ဆောင်ရွက်နိုင်မှု နှင့် နေကြာမျိုးစေ့ထုတ်ရန် မြေပြုပြင်ထားရှိမှုအား ကြည့်ရှုစစ်ဆေး၍ ခြံစည်းရိုးပတ်လည် တစ်လျှောက် အရိပ်ရ မန်ကျည်းပင်များစိုက်ပျိုးရေး၊ ခြံအတွင်း နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် ထုံးဖို စိုက်ပျိုးရေးသုတေသနခြံ သို့ ရောက်ရှိ၍ သစ်ခွနှင့် သဇင်ပန်းဥများအား တစ်သျှူးကာချာ(Tissue culture) နည်းဖြင့် မျိုးမွေးမြူ သုတေသနပြု ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုကို ကြည့်ရှု၍ လိုအပ်ချက်များ မှာကြားကာ ခြံအတွင်းဆောင်ရွက်လျက်ရှိသော ကြက်သွန်နီမျိုးစေ့ထုတ်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် နှစ်ရှည်ပင် စိုက်ပျိုးသုတေသနပြုရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

Agribiz News www.agribiznews.com.mm လယ်ယာစီးပွားသတင်း

agribiznews.com.mm

| | | |
|---|---|---|
| တာဝန်ခံအယ်ဒီတာ | - | ထွန်းသက်ပိုင် |
| အယ်ဒီတာအဖွဲ့ဝင်များ | - | ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း) |
| ထုတ်ဝေသူ | - | ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀) |
| လိပ်စာ | - | ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် |
| ဖုန်း | - | ၀၆၇ ၃၄၁၀၁၄၂ |

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

## ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့်နှင့် ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် တစ်ရက်မှ နှစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့ တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှတစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာ နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီ မြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ်ရေသည်တောင်ငူမြို့တွင် တစ်ပေခွဲခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ရွှေကျင်မြစ်ရေ သည် ရွှေကျင်မြို့တွင် သုံးလက်မခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေ သည် ရွှေစာရံနှင့်မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့ တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ ■

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

---

စာ-၄ မှ

အောင်ရှာဖွေဖော်ထုတ်ခြင်း (Bioprospecting) ဖြင့်လည်း ဒေသအတွက် ထွက်ကုန်အမယ်သစ်များ ရရှိလာစေပြီး ဝင်ငွေများ ပိုမိုတိုး လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများအား ကြီးကြပ်သူ ဆရာ၊ ဆရာမ များနှင့်အတူ တိုင်းဒေသကြီး ပြည်နယ် အလိုက် အုပ်စုများဖွဲ့၍ “လူသိနည်းပါးသော (လျစ်လျူရှုခံ) မျိုးစိတ်များ အပေါ် အခြေခံသည့် အပင်မျိုးဗီဇအရင်းအမြစ်ထိန်းသိမ်းခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း နှင့် စာရင်းပြုစုခြင်းများဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝှမ်းရှိ မျိုးစိတ်စုစုပေါင်း ၂၈၉ ကို စာရင်းပြုစုနိုင်ခဲ့ကြောင်း၊ ဆက်လက်ဆောင်ရွက်နိုင်ပါက အမည်သစ်များ ပိုမိုပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားပြုကျောင်းသား/ ကျောင်းသူများ စုစုပေါင်း ၂၀၀ ဦး ပါဝင်တက်ရောက်ကြကြောင်းသတင်း ရရှိသည်။

MOALI

---

မျက်နှာဖုံးမှ-

မြေများတွင် ပြန်လည်အသုံးချဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား အသေးစိတ်ဆွေးနွေး မှာကြားသည်။

ထိုမှတဆင့် ပြည်ထောင်စုဝန်ကြီး သည် ဟဲဟိုးမြို့ ၊ ညောင်ခါးရှည်ရွာရှိ ဟဲဟိုး အာလူး ထုတ်လုပ်သူအသင်း ၏ မျိုးအာလူး အအေးခန်းသိုလှောင်ရုံသို့ရောက်ရှိပြီး အားလူးစိုက်တောင်သူများ၊ အာလူးမျိုးထုတ် လုပ်သူလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အာလူးမျိုး ထုတ်လုပ်မှု လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်လုပ်နိုင်သည့်အနေအထားနှင့် ထပ်မံ လိုအပ်သောမျိုးအာလူးပမာဏအတွက် အာလူးမျိုး ထုတ်လုပ်ခြင်းကို တောင်သူများကိုယ်တိုင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန်နှင့် နည်းပညာ လိုအပ်သည့်အကူအညီများကို ဌာနပညာရှင်များအပိုင်းက ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြေယာ အသုံးပြုရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား တိတိကျကျလိုက်နာ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး အားလူး တောင်သူများ ၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတောင်သူများ စိုက်ပျိုးထားသော အာလူးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

MOALI

# ၇၉ ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် လူသိနည်းမျိုးစိတ်များအပေါ် အခြေခံသည့် အပင်မျိုးရိုးဗီဇ အရင်းအမြစ်ထိန်းသိမ်းခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော်၊ ဖေဖော်ဝါရီ ၉

"လူသိနည်းပါးသော(လျစ်လျူရှုခံ)မျိုးစိတ်များအပေါ် အခြေခံသည့် အပင်မျိုးဗီဇအရင်းအမြစ်များ ထိန်းသိမ်းခြင်း" အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ကျင်းပသည်။



ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအလုပ်ရုံ ဆွေးနွေးပွဲကို (၇၉) ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းသာမက မိမိတို့၏ ပြည်ထောင်စုအတွင်းနေထိုင်ကြသော သားစဉ်မြေးဆက် ရေးဟောင်းအမွေအနှစ်ဖြစ်သော သဘာဝဇီဝအရင်းအမြစ်များကိုလည်း အတူတကွ ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စားရေရိက္ခာနှင့်ဆေးဖက်ဝင်အပင်၊ ထူးခြားသော အပင်မျိုးစိတ်များ ကြွယ်ဝစွာရှိပါသဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုကို ကိုယ်စားပြုပါကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးဖြစ်ထွန်းမှုမရှိသေးဘဲ လျစ်လျူရှုခံနေရသော အပင်မျိုးစိတ်များကို ပျောက်ဆုံးမှုမရှိရန် ထိန်းသိမ်းခြင်းသည် ပြည်ထောင်စုကြီး၏ သဘာဝအမွေအနှစ်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ပါကြောင်း၊

ယနေ့စိုက်ပျိုးအသုံးပြုနေသည့် သီးနှံမျိုးများသည် မျိုးရိုင်းများမှ ခေတ်အဆက်ဆက် မျိုးစပ်မွေးမြူရွေးချယ်၍ ဆင့်ကဲပြောင်းလဲမှုဖြင့် ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ မျိုးရိုင်းများတွင်ရှိသော ထူးကဲသည့် လက္ခဏာများကို အသုံးပြု၍ အထွက်ကောင်း မျိုးများ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥပမာအနေဖြင့် "ဆင်းသုခ" စပါးမျိုးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကိုသိရှိနိုင်ရန် ဈေးကွက်အတွင်း စီးပွားဖြစ် ရောင်းဝယ်ဖောက်ကားမှု မရှိသေးသော ဒေသခံသီးနှံမျိုးစိတ်များကို ပြန်လည်ဖော်ထုတ် စာရင်းပြုစုရန် လိုအပ်လာကြောင်း၊ အဆိုပါသီးနှံမျိုးများကို လျစ်လျူရှုခံမျိုးစိတ် (neglected species)များဟု ခေါ်ဆိုကြောင်းနှင့် ယင်းမျိုးများကို ပျောက်ကွယ်မျိုးသုဉ်းမှုမရှိစေရန် ပြန်လည် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် မိမိတို့နိုင်ငံတွင် အပင်မျိုးစိတ်များ၏ ကြွယ်ဝမှုကို မှတ်တမ်းတင်နိုင်မည် ဖြစ်ကြောင်း၊ အဆိုပါမျိုးစိတ်များတွင်ပါဝင်သည့် ဓာတုဒြပ်ပေါင်းများကို ရှာဖွေဖော်ထုတ်ပြီး လူသားများ၏ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနယ်ပယ်များတွင် အသုံးပြုနိုင်မည် ဖြစ်ကြောင်း၊ လူသားအကျိုးပြု တန်ဖိုးမြင့်ထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ယင်းအပင်များကို ထိန်းသိမ်း စောင့်ရှောက်ရာတွင် အိမ်ခြံဝန်းဥယျာဉ်များသည် အရေးပါသောကြောင့် ဤသို့ဆောင်ရွက်ခြင်းဖြင့် အိမ်ခြံဝန်းဥယျာဉ်ဆီမှ ကမ္ဘာ့ဈေးကွက်ဆီသို့ (Home farming to global market) သို့ သွားရောက် နိုင်မည်ဖြစ်ကြောင်း၊ သုတေသနဌာနများတွင်လည်း စိုက်ခင်းအတွင်း သရုပ်ပြစိုက်ပျိုး ထိန်းသိမ်းခြင်းဖြင့် အပင်မျိုးစိတ်များကိုမျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ မျိုးစိတ်များကို အစားအစာ (Food)၊ တိရစ္ဆာန်စာ (Feed, Forage, Fordder)၊ လျှော်မျှင် (Fibre)နှင့် စွမ်းအင်လောင်စာ (Fuel) အပင်များအဖြစ် စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ခြင်းနှင့် ယင်းတို့ကို အသုံးပြုပြီး တန်ဖိုးမြှင့် ထုတ်ကုန်များ ရရှိလာ

စာ-၃ သို့

# တရုတ်နှစ်သစ်ကူးမတိုင်မီ ဖရဲသီးနှင့် သခွားမွှေးသီးဈေးနှုန်းများ မြင့်တက်လာ

တရုတ်နှစ်သစ်ကူးနီးကပ်လာမှုကြောင့် ဖရဲသီးနှင့် သခွားမွှေးသီး ဈေးနှုန်းများ မြင့်တက်လာသည်ဟု နယ်စပ်သစ်သီးကုန်သည်များက ပြောကြားသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသော ဖရဲသီးနှင့် သခွားမွှေးသီးများကို မိုင်းလားနယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ဈေးယှဉ်ပြိုင်ရောင်းချမှုများကြောင့် သစ်သီးဈေးကွက်မှာ နေးကွေးနေသည်။

လက်ရှိတွင် တရုတ်နှစ်သစ်ကူးရက် နီးကပ်လာပြီဖြစ်သောကြောင့် သစ်သီးရောင်းဝယ်မှု ပြန်လည်သက်ဝင်လှုပ်ရှားလာပြီဟု ကုန်သည်များက ပြောကြားခဲ့သည်။ နှစ်သစ်ကူး နီးကပ်လာချိန်တွင် ဈေးနှုန်းများ မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ရပါသည်။

ဝယ်ယူသူများသည် ထရပ်ကားအနည်းငယ်သာဝင်ရောက်သည့်အချိန်တွင် အပြိုင်အဆိုင် ဝယ်ယူကြပြီး ထရပ်ကား ၂၅ စီးထက်ပိုမိုဝင်ရောက်သည့်အခါတွင် ညှိနှိုင်းဝယ်ယူကြပါသည်။ သခွားမွှေးသီးဈေးနှုန်း မြင့်တက်လာသလို ဖရဲသီးဈေးနှုန်းလည်း မြင့်တက်လာသည်။ "ဈေးနှုန်းများက အရောင်အသွေး၊ ထုပ်ပိုးမှုနှင့် အရည်အသွေးပေါ်မူတည်ပြီး ကွဲပြားပါတယ်" ဟု သစ်သီးကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ အရည်အသွေး ကောင်းမွန်သော ဖရဲသီးများသည် ထရပ်ကား တစ်စီးလျှင် ယွမ် ၅၀,၀၀၀ ကျော် ရရှိသော်လည်း အရည်အသွေး ညံ့ပြီး အရွယ်အစားသေးငယ်ပါက

စာ-၅ သို့



# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက် လုပ်ကွက်ငယ်တောင်သူများကို ပံ့ပိုးပေးနိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုခိုင်မာလာစေရေး ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အွန်လိုင်းစနစ်ဖြင့် လက်ခံကျင်းပ

နေပြည်တော်၊ ဖေဖော်ဝါရီ ၆

**ဘင်းမ်**စတက်အတွင်းရေးမှူးချုပ်ရုံး နှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အကြား စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် တစ်လျှောက် လုပ်ကွက်ငယ်တောင်သူများကို ပံ့ပိုးပေးနိုင်ရေး အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရေး ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ (Regional Workshop on Strengthening Public-Private Partnerships for Agricultural Value Chain Management among BIMSTEC Member States: How PPPs can support smallholder farmers in the value chain) ကို ဖေဖော်ဝါရီ ၅ ရက်နေ့က အွန်လိုင်း စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများအနက် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍအား ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထား သည်နှင့်အညီ ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေး ဆိုင်ရာလုပ်ငန်း အစီအစဉ် (၂၀၂၃-၂၀၂၇) အရ ယနေ့ ဆွေးနွေးပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

ဆွေးနွေးပွဲ သဘာပတိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည် က အဖွင့်အမှာစကား ပြောကြားရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအခန်းကဏ္ဍမှပါဝင်နေပါကြောင်း၊ စားရေရိက္ခာဖူလုံမှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် သန်းပေါင်းများစွာသော ကျေးလက်နေပြည်သူများနှင့် လုပ်ကွက်ငယ်တောင်သူတို့၏ အသက်မွေးဝမ်းကျောင်းအတွက် အဓိက ကျောရိုး ဖြစ်ပါကြောင်း၊ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် ထုတ်လုပ်မှု တန်ဖိုးကွင်းဆက် တစ်လျှောက်တွင် ရာသီဥတုပြောင်းလဲမှု၊ အခြေခံအဆောက်အအုံ များ မပြည့်စုံမှု၊ ဈေးကွက်မတည်ငြိမ်မှု၊ ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုနှင့် စိုက်ပျိုးရေး ထွက်ကုန်များ၏ အရည်အသွေး၊ ဘေးကင်းမှုစသည့် များစွာသောစိန်ခေါ်မှုများကိုရင်ဆိုင်နေရဆဲ ဖြစ်ပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဆန်းသစ်ပြီး အားလုံးပါဝင်နိုင်သော အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုလိုအပ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့နိုင်ငံအလိုက်တွေ့ကြုံခဲ့ရသည့်အခက်အခဲများ၊ ဖြေရှင်းခဲ့သည့် နည်းလမ်းများ၊ အောင်မြင်မှုရလဒ်များ အားအမြင်ချင်း ဖလှယ်ဆွေးနွေးပေးပါရန် တိုက်တွန်းပြောကြားသည်။

၎င်းနောက် အပြည်ပြည်ဆိုင်ရာ စားရေရိက္ခာမူဝါဒသုတေသနအဖွဲ့၏ ကိုယ်စားလှယ် က ဆွေးနွေးပြောကြားရာတွင် ဘင်းမ်စတက်ဒေသတွင်းရှိ လုပ်ကွက်ငယ်တောင်သူ ၈၅ ရာခိုင်နှုန်းသည် ၂ ဟက်တာအောက် ပိုင်ဆိုင်ပြီး စိုက်ပျိုးမြေဧရိယာ အားလုံး၏ ၄၄ ရာခိုင်နှုန်း တွင် စိုက်ပျိုးလုပ်ကိုင်နေပါကြောင်း၊ ဈေးကွက်၊ နည်းပညာ၊ ဘဏ္ဍာရေး အခက်အခဲများကို ဖြေရှင်းရန်၊ ဈေးကွက်အာမခံမှုရှိရန်နှင့် လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွား ဘဝ မြင့်တင်ရန်တို့အတွက် အားကောင်းသော တောင်သူအဖွဲ့အစည်းများရှိရန် လိုအပ်သကဲ့သို့ ပူးပေါင်းပါဝင်သူများအကြား တာဝန်ယူမှုနှင့် စွန့်စားရမှုများကို မျှတစွာခွဲဝေရန် လိုအပ်ပါကြောင်းပြောကြားသည်။

အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်း က ဆွေးနွေးပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍသည် ဘင်းစတက်ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှင့် စားရေရိက္ခာဖူလုံမှုအတွက် အဓိကမဏ္ဍိုင်ဖြစ်ပြီး လုပ်ကွက်ငယ်တောင်သူများသည် ထုတ်လုပ်မှုကဏ္ဍ၏ ကျောရိုးဖြစ်သော်လည်း ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ရရှိရန် ခက်ခဲခြင်းများ အပြင် ကုန်သွယ်မှုဆိုင်ရာ အခွန်အတားအဆီးများနှင့် ပထဝီနိုင်ငံရေး အပြောင်းအလဲများကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ အိန္ဒိယနိုင်ငံသည် လုပ်ကွက်ငယ်တောင်သူများကို အစုအဖွဲ့လိုက် စုစည်း၍ ဈေးကွက်အတွင်း ဈေးကောင်းရရှိနိုင်ရေး ထုတ်လုပ်သူတောင်သူ အဖွဲ့အစည်းများဖွဲ့စည်းပြီး အစိုးရမှ ချေးငွေအာမခံရန်ပုံငွေနှင့် အရင်းအနှီး ထောက်ပံ့ငွေများ ပံ့ပိုးပေး ခြင်းဖြင့် တောင်သူများကို ကုန်ကြမ်းထုတ်လုပ်သူအဆင့်မှ စိုက်ပျိုးရေးထုတ်ကုန် ပြုပြင် မွမ်းမံထုတ်လုပ်သူများအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံသည် ဘဏ်များနှင့် တောင်သူများအကြား သတင်းအချက် အလက် ကွာဟမှုကို လျှော့ချရန် Agri-Map ဒေတာစနစ်ကို အသုံးပြု၍ BAAC ဘဏ်မှ တစ်ဆင့် အဆင့်မြင့်နည်းပညာသုံး




"Smart Farmer" ချေးငွေများ ထုတ်ပေးခြင်းကြောင့် ဒူးရင်းနှင့် မန်ကျည်း ကဲ့သို့သော ထိုင်းသစ်သီးဝလံများ၏ ပို့ကုန်တန်ဖိုးကို သိသိသာသာ မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အောင်မြင်ခဲ့သည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ အား နမူနာယူ ဆောင်ရွက်သင့်ပါကြောင်းဆွေးနွေးပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး၊ စားရေရိက္ခာစနစ်နှင့် အာဟာရဆိုင်ရာ ကျွမ်းကျင်ပညာရှင်၊ ဒေါက်တာခင်မာချို က ဆွေးနွေးပြောကြားရာတွင် လုပ်ကွက်ငယ်တောင်သူများသည် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ရရှိရန် ခက်ခဲပါကြောင်း၊ တောင်သူများ နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ယုံကြည်မှုတည်ဆောက် ရန်နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် ကောင်းမွန်သည့် မူဝါဒများရှိရန် လိုအပ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မမျှော်လင့်သော စွန့်စားမှုများကို မျှဝေနိုင်ပြီး လုပ်ကွက်တောင်သူများကို ကုန်ကြမ်းထုတ်သူအဆင့်မှ တန်ဖိုးမြှင့် ထုတ်လုပ်သူ မိတ်ဖက်များအဖြစ်သို့ ပြောင်းလဲနိုင်မှာ ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။

အစည်းအဝေးသို့ အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်လာသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ကိုယ်စားလှယ် အသီးသီးမှ "စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများနှင့် လုပ်ကွက်ငယ် တောင်သူများအား ပံ့ပိုးကူညီပေးသည့် အလေ့အကျင့်ကောင်းများ" ခေါင်းစဉ်ဖြင့် မိမိတို့နိုင်ငံ အလိုက် ဆောင်ရွက်နေမှုများ၊ အတွေ့အကြုံများကို အသီးသီး မျှဝေ တင်ပြကြသည်။ မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း မှ တောင်သူများဈေးကွက် လက်လှမ်းမီရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး၊ ဘဏ္ဍာရေးနည်းစနစ်များ၊ ခေတ်မီဒီဂျစ် တယ်နည်းပညာများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍနှင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းရှင်များ၏ အတွေးအမြင်များနှင့် သက်ဆိုင်သည့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာစားရေရိက္ခာနှင့်မူဝါဒသုတေ

စာ- ၁၅ သို့

စာ-၄ မှ

ဈေးနှုန်းမှာ ယွမ် ၄၀,၀၀၀ မှ ၄၈,၀၀၀ ကြားတွင် ရှိသည်။

သခွားမွှေးသီးတစ်ကီလိုဂရမ်ဈေးနှုန်းမှာ ၃ ဒသမ ၅ ယွမ် မှ ၄ ယွမ် အကြားရှိပြီး အသီးအရည်အသွေး ပိုကောင်းပါက ၄ ယွမ် အထက်တွင်ရှိသည်။ အသီးအသွင်အပြင်ကောင်းမွန်ပြီး အရွယ်အစားကြီးမားသော အသီးများသာ ပိုမိုမြင့်မားသော ဈေးနှုန်းရရှိနိုင်ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/melon-and-muskmelon-prices-get-high-when-the-chinese-

# အိန္ဒိယတွင် နဂါးမောက်သီးစိုက်ပျိုးမှုအတွက် ထောက်ပံ့ကြေးများတိုးမြှင့်

နဂါးမောက်သီး၏ ဈေးကွက်ရပ်တည်မှုသည် ၎င်းတွင် အင်တီအောက်ဆီဒင့် ပါဝင်မှုနှင့် ဆက်စပ်၍ သတ်မှတ်ထားသော်လည်း ပြည်နယ်အတွင်းရှိ ဒေသအနည်းငယ်တွင် အကန့်အသတ်ဖြင့်သာ စိုက်ပျိုး လျက် ရှိနေဆဲဖြစ်ပါသည်။ ပို မို ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရေး အားပေးရန်အတွက် ပြည်နယ်အစိုးရ သည် လွန်ခဲ့သောနှစ် အနည်းငယ်က ထောက်ပံ့မှုအစီအစဉ်ကို စတင်ခဲ့ပြီး ၂၀၂၅/၂၆ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့မည့် ပမာဏကိုတိုးမြှင့်ပြင်ဆင်ခဲ့သည်။ ပြန်လည်ပြင်ဆင်ထားသော အစီအစဉ်အရ တစ်ဟက်တာလျှင် အမေရိကန်ဒေါ်လာ ၁၁၅၃ မှ ၁၉၄၅ ဒေါ်လာသို့ တိုးမြှင့်ခဲ့သည်။

မြေပိုင်ဆိုင်မှုနည်းသည့် လုပ်ကွက်ငယ် တောင်သူများသည် ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့ကြေး ရရှိမည်ဖြစ်ပြီး အခြားစိုက်ပျိုးသူများသည် ၇၅ ရာခိုင်နှုန်းအထိ ထောက်ပံ့မှုကို ရရှိမည်ဖြစ်သည်။ ဥယျာဉ်ခြံဌာနမှ အရာရှိများ၏ ပြောကြားချက်များအရ Thogamalai, Kulithalai, Aravakurichi နှင့် Kadavur ဒေသများတွင် နဂါးမောက်သီးကို စိုက်ပျိုးထားရှိကြောင်းသိရှိရသည်။ ယနေ့အထိ တောင်သူ ၆ ဦးသည် သီးနှံစိုက်ပျိုးရန် အတွက် စုစုပေါင်း ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၆၅၆၃ တန်ဖိုးရှိသော ထောက်ပံ့မှုများကို ရရှိခဲ့ကြောင်းသိရသည်။

ခရိုင်အတွင်း နဂါးမောက်သီးစိုက်ပျိုးမှုသည် ယခုအချိန်အထိ စုစုပေါင်း ၉ ဟက်တာ စိုက်ပျိုး ပြီးဖြစ်သည်။ ခရိုင်အုပ်ချုပ်ရေးမှူး M. Thangavel သည် ကြာသပတေးနေ့တွင် Kulithalai ဒေသ၊ Iraniya-mangalam ရှိ နဂါးမောက်သီးခင်းသို့ သွားရောက်ခဲ့သည်။ ခရီးစဉ်



အတွင်း ၎င်းက ဒေသ ရာသီဥတုအခြေအနေများသည် နဂါးမောက်သီးနှံအတွက် သင့်လျော်ကြောင်း ပြောကြားသည်။ နဂါးမောက်သီးပင်များသည် နှစ် ၂၀ အထိ သက်တမ်းရှိပြီး ပထမနှစ်တွင် အသီးစတင်သီး၍ ယေဘုယျအားဖြင့် သုံးနှစ်မှ လေးနှစ်အကြာတွင် အပြည့်အဝ ထွက်ရှိလေ့ရှိကြောင်း သိရှိရပါသည်။

တောင်သူများအနေဖြင့်စိုက်ခင်းအသစ်တည်ထောင်ရာတွင် လက်ရှိထောက်ပံ့မှု အစီအစဉ်များကို အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ဤထောက်ပံ့သည့် အစီအစဉ်သည် ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အမျိုးအစားစုံလင်စေပြီး ထုတ်လုပ်မှု ကာလကြာရှည်သော သီးနှံများကို လက်ခံ ကျင့်သုံးရန် အားပေးသည့် ဒေသ အာဏာပိုင်များ၏ ပိုမိုကျယ်ပြန့်သော ကြိုးပမ်း အားထုတ်မှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရှိရသည်။

**လင်းလဲ့ရည်အောင်**

https://www.freshplaza.com/asia/article/9806670/india-increases-subsidies-for-dragon-fruit-cultivation/

# အိန္ဒိယတွင် ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်က စိုက်ပျိုးသူများအတွက် ၁၀-၁၂ ရာခိုင်နှုန်း အကျိုးအမြတ်ပိုမို ရရှိ

အိန္ဒိယ၏ ငှက်ပျောသီးတင်ပို့မှုသည် အရှေ့အလယ်ပိုင်း၊ ရုရှားနှင့် အရှေ့ဥရောပတို့ကို ပစ်မှတ်ထား ပြီး နှစ်စဉ်တိုးတက်မှုကို ပြသနေကြောင်း အိန္ဒိယသစ်သီးတင်ပို့သူ SunRaise Farmers မှ Vivek Karape က ပြောကြားခဲ့သည်။ တင်ပို့မှုအရှိန်အဟုန်သည် ရိတ်သိမ်းပြီးနောက် ကိုင်တွယ်မှု တိုးတက်လာခြင်း၊ ထုပ်ပိုးမှု အဆောက်အဦ တိုးချဲ့ခြင်းနှင့် အရသာနှင့် အာဟာရအရည်အသွေး အပေါ် ဝယ်ယူသူများ၏ အသိပညာပေးမှုများက ကျောထောက်နောက်ခံပြုထားသည်။ အိန္ဒိယသည် အီကွေဒေါနှင့် ဖိလစ်ပိုင်ထက် ပမာဏအားဖြင့် နောက်ကျကျန်နေသော်လည်း အိန္ဒိယ၏ Solapur ငှက်ပျောသီးများသည် ယှဉ်ပြိုင်နိုင်သော ဈေးနှုန်းနှင့် အဟာရဓာတ်ကြွယ်ဝသော မြေဆီလွှာမှ သဘာဝ အရသာ အရည်အချင်းများဖြင့် ယှဉ်ပြိုင်ကြသည်။



Vivek က Solapur ၏ သမပိုင်းခြောက်သွေ့သောရာသီဥတုသည် မှိုကျရောက်မှုကို လျော့ကျ စေပြီး ရေအစက်ချစနစ်ဖြင့် နုန်းမြေနုက်များသည် အခွံထူပြီး အသားမာသော ငှက်ပျောသီးများ၏ အလယ်အလတ်အဆင့်တင်ပို့မှုအတွက် သင့်တော်ကြောင်း၊Maharashtra ငှက်ပျောသီးသည် သက်တမ်းပိုကောင်းခြင်း၊ အလေအလွင့်နည်းခြင်း၊ ကြိုက်နှစ်သက်မှုများပြားခြင်းနှင့် အရောင်အဆင်း ညီညာမှုရှိကြောင်း၊ တစ်သျှူးနည်းဖြင့်မျိုးပွားထားသော မျိုးများသည် ဒေသမျိုးများထက် အထွက်နှုန်းမြင့်မားခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်းနှင့် ပို့ကုန် တသမတ်တည်းရှိခြင်း စသည့် အကြောင်းအရင်းများရှိသော်လည်း ဈေးကွက်မသေချာမှုများကြောင့် စိုက်ပျိုးရန် တွန့်ဆုတ်နေကြကြောင်း မှတ်ချက်ပြုပါသည်။

Vivek ၏ ပြောကြားချက်အရ ပို့ကုန်ဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်ကထက် ယခုရာသီတွင် ၈-၁၂% မြင့်တက်ခဲ့ပြီး UAE ၊ ဆော်ဒီအာရေဗျနှင့် ကာတာတို့တွင် အတက်အကျအများဆုံး ဖြစ်ခဲ့သည်။ ၁၃ ဒီဂရီအောက် အအေးဒဏ်၏ ထိခိုက်မှု ဆက်လက်တည်ရှိနေသော်လည်း အပူလျှပ်ကာ ပါသော ကွန်တိန်နာများနှင့် ရင့်မှည့်မှုအပေါ်အချိန်ကိုက်ရိတ်သိမ်းမှု နည်းပညာများ ကို လယ်သမားများ အား လေ့ကျင့်ပေးခြင်းကြောင့်ယခုရာသီတွင် တိုးတက်ကောင်းမွန်လာပါသည်။ ရုရှားနှင့် အရှေ့ ဥရောပတို့သည် ကုန်စည်ပို့ဆောင်ရေး မတည်ငြိမ် မှုများရှိနေသော်လည်း လက်ခံမှုတိုးပွား လာနေ ပြီး အိန္ဒိယ၏မတူ ကွဲပြားသော စိုက်ပျိုးရေး-ရာသီဥတုဇုန်များမှ ရနံ့နှင့် အနည်းလို အာဟာရ ဓာတ် သိပ်သည်းဆကို တန်ဖိုးထားပါသည် ဟု Vivek က ပြောသည်။

"Sun Raise Farmers" သည် အစအဆုံး ခြေရာခံနိုင်မှု၊ ရောင်းဝယ်ရေး ကတိကဝတ် စာရွက် စာတမ်းများဖြင့် အစုအဖွဲ့လိုက်စုဖွဲ့ထားသော စနစ်များကြောင့် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေသော ကုန်ကြမ်းပို့ဆောင်ရေးကွင်းဆက်ကို ဖြေရှင်းပေးနေပြီး၊ လယ်သမားများ ယခင်က ရောင်းရငွေ မရမှာ ကြောက်ရွံ့ခဲ့ရသည့် နေရာတွင် ယုံကြည်မှုကို တည်ဆောက်ပေးနေပါသည်။" အရည်အသွေး နိမ့် ထွက်ကုန်များကို ငှက်ပျောသီးခြောက်၊ ငှက်ပျောသီးမှုန့်နှင့် အပင်ထွက် ပိတ်ပြား ထုတ်လုပ်ရေးသို့ ဦးတည်သည့် အလေအလွင့်မရှိသော ပုံစံကို မြှင့်တင်ပေးနေပြီး လတ်ဆတ်သော သီးနှံများသာ ရောင်းချသည့်နည်းနှင့် နှိုင်းယှဉ်ပါက လယ်သမားများ၏

စာ-၇ သို့

# ၂၀၂၅ ခုနှစ် ၁၁ လအတွင်း ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုင်ငွေ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇ ဘီလီယံရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ နိုဝင်ဘာအထိ ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုင်ငွေသည် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရုရှားဖက်ဒရယ်အကောက်ခွန် ဝန်ဆောင်မှုဌာန (Federal Customs Service - FCS) ၏ အချက်အလက်များအရ သိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၇၃ ဒသမ ၇ ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၂၀ ဒသမ ၈ ဘီလီယံသို့ ကျဆင်းခဲ့သည်။ သွင်းကုန်ပမာဏသည် တန်ဖိုး ဒေါ်လာ ၂၄၉ ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံ ကျဆင်းခဲ့သည်။ ယင်းကြောင့် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပမာဏသည် ဒေါ်လာ ၆၂၂ ဒသမ ၇ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၅၂ ဒသမ ၂ ဘီလီယံရှိကာ ၁၆ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၆၄ ဒသမ ၅ ဘီလီယံ ရှိကာ ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၉၀ ဒသမ ၈ ဘီလီယံရှိကာ ၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၆၅ ဒသမ ၈ ဘီလီယံရှိကာ ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တစ်ချိန်တည်းတွင် ရုရှား၏ အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ ဒေါ်လာ ၁၉ ဒသမ ၆ ဘီလီယံ ရှိကာ ၁၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုမှာ ဒေါ်လာ ၄ ဘီလီယံ ရှိကာ ၂၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံ ရှိကာ ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ ရှိကာ ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။




ရုရှား၏ အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်း၊ သတ္တုနှင့် သတ္တုထုတ်ကုန်၊ စိုက်ပျိုးရေးထုတ် ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များ၊ ဓာတုဗေဒစက် မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ စိုက်ပျိုးရေးထုတ်ကုန်များ ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသည် တန်ဖိုး အမေရိ ကန်ဒေါ်လာ ၄၃၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး သွင်းကုန်သည် ဒေါ်လာ ၂၈၃ ဘီလီယံ ရှိခဲ့သဖြင့် ကုန် သွယ်မှုပိုငွေသည် ၁၅၀ ဒသမ ၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။

FCS ၏ အချက်အလက်များအရ ရုရှားနိုင်ငံ၏ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသာစွာ ကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် တိုးတက်လျက်ရှိကြောင်း သိရ သည်။

ခွန်မျိုးသူ

https://www.interfax.ru/

# ထိုင်းနိုင်ငံ တိရစ္ဆာန်အစာဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ခြေရှိ

**ထိုင်း**နိုင်ငံ၏ တိရစ္ဆာန်အစာထုတ်လုပ်မှုကဏ္ဍတွင် ကုန်ကြမ်းရှားပါးမှုနှင့် သွင်းကုန်စည်းမျဉ်းသစ်များကြောင့် ယခုနှစ်အတွင်း အစာဈေးနှုန်းများ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း ထိုင်းတိရစ္ဆာန်အစာစက်ရုံများအသင်း (TFMA) က ခန့်မှန်းထားသည်။

ထိုင်းတိရစ္ဆာန်အစာစက်ရုံများအသင်း အထွေထွေအတွင်းရေးမှူး Mr. Somphob Auesongtham က မိမိတို့ လုပ်ငန်းနယ်ပယ်အနေဖြင့် ပရိုတင်းနှင့် ကာဗိုဟိုက်ဒြိတ်အတွက် အစာကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားသည်။



ပဲပုတ်ဖတ် ပြည်တွင်းဈေးနှုန်းမှာ ပဲပုတ်တင်သွင်းမှု ကြန့်ကြာနေမှုအရ မြင့်တက်လျက်ရှိကြောင်း၊ ထို့ပြင် အစာစက်ရုံများ အပါအဝင် ပဲပုတ်ဖတ် တင်သွင်းသူများသည် တင်သွင်းခွန် ပုံမှန် ၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ ပေးဆောင်ရန်လည်း ရင်ဆိုင်နေရကြောင်း၊ ယင်းအခြေအနေမှာ အစိုးရ၏ ၂၀၂၆-၂၀၂၈ ခုနှစ်အတွက် ပဲပုတ်ဖတ်တင်သွင်းမှုမူဝါဒအပေါ် အတည်ပြုရန် ကြန့်ကြာနေမှုကြောင့် ဖြစ်ပေါ်ရခြင်း ဖြစ်ကြောင်း သိရှိရသည်။

Mr Somphob က ပြောင်းတင်သွင်းမှုတွင်လည်း လေထုညစ်ညမ်းမှုလျှော့ချရန်အတွက် "မီးရှို့၍ စိုက်ပျိုးထားခြင်းမဟုတ်ကြောင်း" (Burn-free certification) ထောက်ခံချက်ပါမှသာ တင်သွင်းခွင့်ပြုသည့် စည်းမျဉ်းသစ်ကြောင့် ယခုနှစ် ပြောင်းတင်သွင်းမှုပမာဏ ဆက်လက်လျော့ကျသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

TTP

www.asian-agribiz.com

စာ-၆ မှ

ဝင်ငွေကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိ ပိုမိုမြင့်တက်လာစေသည်ကို တွေ့မြင်နေရပါသည်" ဟု ဗီဗက်က ပြောပါသည်။

ဈေးနှုန်းတက်လာသည့်အခါ လတ်ဆတ်သောငှက်ပျောသီးများကို တင်ပို့ရောင်းချခြင်းနှင့် ဈေးနှုန်းကျဆင်းလာသည့်အခါ ငှက်ပျောသီးခြောက်များ သို့မဟုတ် ငှက်ပျောမှုန့်များအဖြစ် ပြုပြင် ထုတ်လုပ်ခြင်းဖြင့် လယ်သမားများကို ဈေးနှုန်းအတက်အကျမှ ကာကွယ်ပေးပြီး၊ အရည်အသွေး အဆင့်သတ်မှတ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပါသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ ငှက်ပျောသီးထုပ်ပိုးမှုသည် လက်တင် အမေရိကနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် စံသတ်မှတ်ချက်များနှင့် သယ်ယူ ပို့ဆောင်ရေး ပျက်စီးမှုလျော့နည်းရန် ပုံမှန်ဂျပ်ဖာများတွင် ၅ လွှာမှ ၇ လွှာအထိ လေဝင်လေထွက် စနစ်အဆင့်မြင့်တင်ရန် လိုအပ်နေသေးကြောင်းလည်း သူက ထောက်ပြသည်။ လက်ရှိဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များတွင် ဗဟိုအာရှနှင့် အာဖရိကဒေသများကို ဈေးကွက်သစ်အဖြစ် ရည်ရွယ်ထားပြီး အထွက်နှုန်းမြင့် Cavendish G9 မျိုးကွဲများနှင့် အထူးမျိုးစိတ်များကိုလည်း စမ်းသပ် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။

ဟေမာန်အောင်မင်း

https://www.freshplaza.com/asia/article/9801624/zero-waste-banana-chain-yields-10-12-higher-grower-returns-in-india/

မြန်မာ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များလေ့လာခြင်း - အပိုင်း ၃



# စနစ်သစ်ကျွဲနွားမွေးမြူရေးဖြင့် ပြည်တွင်းလိုအပ်ချက် ဖူလုံစေပြီး ပြည်ပ တင်ပို့နိုင်ရေး ဆောင်ရွက်ကြပါစို့

ရဲထွန်းဝင်း

Photo - ifaw.org

(ယခင်အပတ်မှအဆက်)

### စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ

ရေတိုအတွက် ကောက်ရိုးယူရီယား ပြုပြင်ကျွေးမွေးခြင်းဖြင့် အစာအရည်အသွေးမြင့်လာစေခြင်း၊ လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်းဆောင်ရွက်နိုင်သဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူသူများအတွက် သင့်တော်ပါသည်။ ရေရှည်အတွက် "ကောက်ရိုးထုံးစက်"များအသုံးပြုပြီး ကောက်ရိုးထုံးသိမ်းဆည်းသောစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ သို့မှသာကောက်ရိုးလေလွင့်မှုနည်းပါးပြီး ကောက်ရိုးသိမ်းဆည်းသိုလှောင်ရန်လွယ်ကူသဖြင့် တစ်နှစ်လုံးအတွက် အစာစုဆောင်း ထားနိုင်မည်ဖြစ်ပါသည်။ အစုအဖွဲ့များအလိုက် ကောက်ရိုးထုံးစက်များတည်ထောင်ရန်လိုအပ်ပါသည်။

### စားကျက်သီးနှံများ

ရေတိုအတွက် နေပီယာ၊ ဂီနီ၊ ပဲမျိုးနွယ်ပင်များကို စိုက်ပျိုးရပါမည်။ သို့မှသာကာလတိုအတွင်း အစာများများရရှိခြင်း၊ အရည်အသွေးမြင့်သော အစာရရှိခြင်း၊ စိုက်ပျိုးမြေအရည်အသွေးကောင်းမွန်စေခြင်း၊ စားကျက်အလှည့်ကျအသုံးပြုနိုင်ခြင်း၊ ရိတ်သိမ်းကျွေးနိုင်ခြင်းတို့ကြောင့် အစာရှားပါးချိန်တွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ရေရှည်တွင်အစာရရှိနိုင်ရေး တောင်သူများနှင့်စာချုပ်ပြီးဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ် နိုင်ငံများတွင်ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာတစ်နှစ်ပတ်လုံးအစာရရှိနိုင်ခြင်း၊ တောင်သူများ စားကျက်စိုက်ပျိုးရေးတွင်ရင်းနှီးမြှုပ်နှံလာစေခြင်း၊ အစာပြတ်လတ်မှုကာကွယ်နိုင်ခြင်း၊ အစာဈေးနှုန်းတည်ငြိမ်စေခြင်း၊ စီးပွားဖြစ်ထုတ်လုပ်မှုများပေါ်ထွန်းလာစေခြင်း၊ တောင်သူများဝင်ငွေတိုးတက်စေခြင်း၊ နွားမွေးမြူမှု ဖွံ့ဖြိုးရေးမူဝါဒကို အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

### အစာနှများ

ရေတိုအတွက် ဒေသတွင်းရရှိသော အစာများ (ပြောင်း၊ ဖွဲ၊ ဆီကြိတ်ဖတ်များ) ကိုစနစ်တကျ ရောစပ် အသုံးပြုသောအချိုးများ ဖော်ဆောင်ခြင်းဖြင့် အစာဈေးနှုန်းသက်သာစေခြင်း၊ အလွယ်တကူဆောင်ရွက်နိုင်ခြင်း၊ ဒေသထွက်အစာများအသုံးပြုနိုင်ခြင်း၊ တောင်သူများအကြား အစာသုံးစွဲမှုဆိုင်ရာအသိပညာတိုးပွားစေမည် ဖြစ်ပါသည်။ ရေရှည်အတွက် ဒေသတွင်းအစာစက်ရုံများ တည်ဆောက်ရပါမည်။ သို့မှသာ လုံခြုံစိတ်ချစွာ ဒေသလိုအပ်ချက်နှင့်အညီထုတ်လုပ်ခြင်း၊ အစာဈေးလျှော့ကျစေခြင်း၊ စီးပွားဖြစ်အသားတိုးမွေးမြူသူများသို့ ကူညီ ဆောင်ရွက်နိုင်ခြင်း၊ အသက်အရွယ်အလိုက် လိုအပ်သောအစာများထုတ်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ရပ်တည်နိုင်ခြင်း၊ တန်ဖိုးမြင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

### အစာကျွေးမှုဆိုင်ရာနည်းပညာ

ရေတိုအတွက် အာဟာရပြည့်ရောစပ်စာ (TMR) သရုပ်ပြခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်း၊ အာဟာရ မျှတစာကျွေးနည်း စသောသင်တန်းများဆောင်ရွက်ပေးရပါမည်။ သို့မှသာအာဟာရမျှတစာရောစပ်ကျွေးမွေးခြင်း၊ အစာအလေအလွင့်နည်းပါးခြင်း၊ ထုတ်လုပ်မှုပိုမိုတိုးတက်ခြင်း၊ တောင်သူများဆောင်ရွက်လိုစိတ်မြင့်မားစေခြင်း၊ အချင်းချင်းဆွေးနွေးခြင်းဆောင်ရွက်ရပါမည်။ ရေရှည်တွင် စုပေါင်းသင်တန်းများနှင့် မေထုန်မဲ့သားစပ် အစီအစဉ်များ ဆောင်ရွက်ရပါမည်။ သို့မှသာ အစာကောင်းမှမျိုးအောင်မြင်မှုအထောက်အကူပြုခြင်း၊ မျိုးရိုးမြှင့်တင်နိုင်ခြင်း၊ ပညာပေးစခန်းများထူထောင်ပြီး မျိုးမြှင့်တင်ရေးနှင့် အစာအဟာရဆိုင်ရာ သင်တန်းပေးခြင်းများဆောင်ရွက်ရပါမည်။

### ၆။ မျိုးမြှင့်တင်ရေး စီမံဆောင်ရွက်ခြင်း

### အသားစားနွား မျိုးမြှင့်တင်ရေး

ဒေသနွားများသည် ကြီးထွားမှု မကောင်းပါ။ မတူသော မျိုးများကိုသားစပ်ခြင်းဖြင့် ရရှိသောသားသမီး (F1) သည် ကြီးထွားမှု၊ မျိုးအောင်မြင်မှု၊ ကျန်းမာရေးနှင့်သဘာဝဒါဏ်ခံနိုင်မှုတွင် မိဘမျိုးရိုးထက် ပိုမိုကောင်း မွန်ခြင်း၊ အပူဒါဏ်ခံနှင့်စိုးထိုင်းမှုဒါဏ်ခံနိုင်ခြင်းစသည့် ကောင်းမွန်သောအရည်အသွေးများရရှိပါမည်။ ထို့ကြောင့် ကြီးထွားမှုကောင်းသော ဘရာမင်အသားစားနွားမျိုးနှင့် သားစပ်ခြင်းဖြင့် ကြီးထွားမှုနှင့် အသားအရည်အသွေး ကောင်းခြင်း၊ ဈေးကွက်ရောက်ချိန်စောခြင်း၊ အသားစားနွားထုတ်လုပ်ရေးအတွက် ရေရှည်တည်ငြိမ်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပြီး ကြီးထွားမှု ၃၀% ထိ တိုးတက် လာနိုင်မည်ဖြစ်ပါသည်။

### နို့နှင့် / အသား အတွက် မျိုးမြှင့်တင်ခြင်း

ဒေသနွားမများနှင့် ဖရီရှန်နို့စားနွားမျိုးသားစပ်ခြင်းဖြင့် ပေါက်ပွားလာသော နွားမများကို နို့ထုတ်ရန်နှင့် နွားထီးလေးများကို အသားစားနွားအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ မျိုးစပ်ခြင်းဖြင့် ပေါက်ပွားလာသောနွားမများသည် ဒေသနွားမများနို့ထွက်နှုန်းထက် ၅ ဆခန့်ပိုမိုထွက်ရှိခြင်း၊ ရောဂါနှင့်ရာသီဥတုဒါဏ်ခံနိုင်ခြင်း၊ နွားထီးလေးများသည် ကြီးထွားနှုန်းနှင့် အသားအရည်အသွေးကောင်းမွန်ပြီးထုတ်လုပ်မှု ၃၀ ရာခိုင်နှုန်းခန့်တိုးတက်နိုင်သဖြင့် အသားစားနွားအဖြစ်ရောင်းချနိုင်ခြင်း၊ မျိုးအောင်မြင်မှုမြင့်မားခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများ အတွက် နို့စားနှင့်အသားစားနွား နှစ်မျိုးမွေးမြူနိုင်ခြင်း၊ ဒေသအစာအခြေခံဖြင့် ထုတ်လုပ်မှုကောင်းစေနိုင်ခြင်း၊ ရေရှည်တည်တန့်သောလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### ဒေသနွားမျိုးများ ထိန်းသိမ်းခြင်း

မြန်မာဒေသအခြေခံနွားမျိုး (ပြာစိမ်း၊ ရွှေနီ) များကို ထိန်းသိမ်းရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဌာန/ အဖွဲ့ အစည်းများမှ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒေသနွားမျိုးသည် ဒေသအတွင်းနှစ်ပေါင်းရာချီတည်ရှိခဲ့သောမျိုးဖြစ်ပြီး ရာသီဒါဏ်၊ ရောဂါဒါဏ်၊ အစာကြမ်းဒါဏ်ခံနိုင်ရည်ရှိခြင်း၊ မျိုးပွားမှုကောင်းစွာဆောင်ရွက်နိုင်ခြင်း၊ လယ်ယာလုပ်ငန်းအတွက်အားထားရခြင်း၊ မျိုးစပ်များပေါ်ထွက်လာပြီးမြန်မာမျိုးစစ်များပျောက်ကွယ်နိုင်ခြင်း၊ မြန်မာနွားမျိုးရိုးဗီဇကိုရေရှည်ထိန်းသိမ်းရန်လိုအပ်ခြင်း၊ ရိုးရာမွေးမြူနည်းစနစ်၊ ဒေသ ယဉ်ကျေးမှုနှင့် ကျေးလက်လူမှုစီးပွားအထောက်အကူဖြစ်စေခြင်း၊ ခရီးသွားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူ ဖြစ်စေခြင်း၊ ထောက်ပံ့မှုအနည်းဆုံးနှင့်ထုတ်လုပ်မှုပေးနိုင်ခြင်းတို့ကြောင့်ရေရှည်အတွက် မျိုးစစ်ခြံများ၊ မျိုးပွားခြံများ၊ သုတေသနစခန်းများကို အနာဂါတ်မျိုးဗီဇမြှင့်တင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံထားရန် အလွန်အရေးကြီးပါသည်။

### မေထုန်မဲ့သားစပ်ခြင်း နှင့် ဖန်ပြွန်သန္ဓေသား

မေထုန်မဲ့သားစပ်ခြင်းသည် ဒေသအတွင်းမျိုးမြှင့်တင်ရန်အတွက် အကောင်းဆုံးနှင့်အမြန်ဆုံးဖြစ်ပါ သည်။ ဖန်ပြွန်သန္ဓေသားဖြင့်သားမွေးခြင်းသည် ဒေသတွင်းမျိုးစစ်များရရှိစေရန်အတွက် အမြန်ဆုံးဖြစ်ပါသည်။ ထို့ကြောင့် မေထုန်မဲ့သားစပ်စခန်းများ၊ မျိုးနွားသိုးနှင့်ဆောင်ရွက်သောသားစပ်စခန်းများ ထူထောင်ရမည် ဖြစ်ပါသည်။ ရေရှည်တည်တန့်မည့် မျိုးမြှင့်/

စာ-၉ သို့

စာ-၈ မှ

မျိုးစပ်ပေးသောစနစ် ဖော်ဆောင်ရပါမည်။ ထိုသို့ဆောင်ရွက် ခြင်းဖြင့် တစ်ပိုင်တစ်နိုင်ခြံများသို့မျိုးကောင်းများဖြင့်သားစပ်နိုင်ခြင်း၊ မျိုးနွားသိုးခြံများတွင် မျိုးကောင်း နွားသိုးများ စုစည်းမွေးမြူခြင်း၊ မျိုးနီးသားစပ်ခြင်းများကာကွယ်နိုင်ခြင်း၊ မျိုးဗီဇထိန်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း၊ မျိုးစစ်များမှတ်တမ်းရရှိခြင်း၊ ထုတ်လုပ်မှုကောင်းသောမျိုးစပ်များထုတ်လုပ်နိုင်ခြင်းတို့ကိုဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထုတ်လုပ်မှု မှတ်တမ်း

Digital weighing စက်များဖြင့် မွေးစနွားငယ်များအလေးချိန်တိုင်းသောစနစ်ကို စတင်ဆောင်ရွက် ရပါမည်။ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နွားမှတ်တမ်း data base ရေးဆွဲ ပြီး Central cattle database unit ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်ရပါမည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နွားလေးများမွေးရက်၊ မွေးဖွားကိုယ် အလေးချိန်၊ ကြီးထွားမှုအခြေအနေ၊ မျိုးပွားမှုဆိုင်ရာကြီးကြပ်ခြင်း၊ အစာကျွေးမှုတို့ကို စီမံဆောင်ရွက်ခြင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း၊ ဇီဝလုံခြုံမှုဆောင်ရွက်ခြင်း၊ နောက်ကြောင်းပြန်ခြေရာခံခြင်း၊ မျိုးပွားမှုစီမံကိန်းချမှတ်ခြင်း၊ တိရစ္ဆာန်သယ်ယူမှုနှင့်ကျန်းမာရေးထောက်ခံချက်များပေးခြင်း၊ နှစ်ရှည်မူဝါဒများချမှတ်ခြင်း၊ သတင်း အချက်အလက်များဖြန့်ဖြူးခြင်း၊ ပွင့်လင်းမြင်သာသောစနစ်ဖြင့်ဆောင်ရွက်ခြင်း၊ အာရှနိုင်ငံများနှင့် ရင်ပေါင် တန်းပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတို့တွင် ပါဝင်ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

## ၇။ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ ပါဝင်ဆောင်ရွက်မှု

ဦးစီးဌာန

ဇုန်များဖော်ထုတ်ခြင်း (နို့စားနွား၊ အသားစားနွား၊ မျိုးခြံများ)၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း (မွေးမြူရေးခြံ၊ သယ်ယူပို့ဆောင်မှု၊ သားသတ်ခြင်း၊ ပြည်ပတင်ပို့ခြင်း)၊ ရောဂါ စူးစမ်း-ဖော်ထုတ်-ကာကွယ်-တားဆီးခြင်း၊ တိရစ္ဆာန်မျိုးစစ်ဆေးခြင်း (မျိုးသတ်မှတ်ခြင်း-မျိုးစပ်ခြင်း-မျိုးနီးကာကွယ်ခြင်း)၊ ဇီဝလုံခြုံရေး၊ ဈေးကွက်လက်ခံခြင်း၊ ခြေရာခံစနစ်၊ အမြင့်ဆုံးထုတ်လုပ်မှု၊ သတင်းအချက်အလက်များ စောစီးစွာသိရှိခြင်းနှင့် တစ်ခုတည်းသောကျန်းမာရေးနှင့် မျိုးမြှင့်တင်ရေး တို့တွင် ပါဝင်ဆောင်ရွက်သွားရပါမည်။

ပုဂ္ဂလိက ကဏ္ဍ

အသားတိုးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်း (မြေဆောက်အဦး၊ အစာကျွေးစနစ်)၊ မျိုးမြှင့်တင်ခြင်း၊ အစာကျွေးစနစ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေစနစ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်လိုအပ်ချက်အပေါ်တွင်ထုတ်လုပ်နိုင်စွမ်းမြှင့်တင်ခြင်း၊ ပြည်တွင်းအဆင့်မြင့်အသားအရည်အသွေးလိုအပ်ချက် (ဟိုတယ်များ၊ စားသောက်ဆိုင်များ) များအပေါ် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပြည်ပတင်ပို့ခြင်းအတွက် သားသတ်ရုံ လုပ်ငန်းရင်နှီးမြှုပ်နှံခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်သို့ သယ်ယူပို့ဆောင် ရေးဆိုင်ရာလိုအပ်ချက်များ (သယ်ယူ ပို့ဆောင်ခြင်း၊ အအေးချသိုလှောင်ခြင်း၊ နိုင်ငံ ခြားငွေတန်ဖိုး) စီစစ်ခြင်း၊ မွေးဘက်ပေးကန်ထရိုက်စနစ် ထူထောင်ခြင်း (အသားတိုးမွေးမြူခြင်း၊ ဈေးကွက်လိုအပ်ချက်အလိုက်ထုတ်လုပ်ခြင်း၊ အစာရရှိရေး၊ ကျန်းမာရေး၊ ကာကွယ် ဆေး၊ ဈေးနှုန်းအာမခံခြင်းနှင့် စီမံခန့်ခွဲမှု) ဆောင်ရွက်ရပါမည်။

**မွေးမြူသူများ/ သမဝါယမများ**

သမဝါယမနှင့် မွေးမြူသူအစုအဖွဲ့များမှ နို့စားနွားနှင့် အသားစားနွား မွေးမြူသားဖောက်ပြီး နို့စား/ အသား စားနွားလေးများ မွေးမြူခြင်းဆောင်ရွက်ရပါမည်။ သို့မှသာ အနာဂတ်တွင် လိုအပ်သောနွားများ ရရှိနိုင်ပါမည်။ တိရစ္ဆာန်အစာစိုက်ပျိုးခြင်း၊ အစာထုတ်လုပ်ခြင်း၊ နောက်ကြောင်းပြန်ခြေရာခံလုပ်ငန်းများအတွက် မှတ်တမ်း တင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရပါမည်။ သို့မှသာ ရေရှည်အတွက် စုပေါင်း ထုတ်လုပ်သော စနစ်ပေါ် ပေါက်လာမည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများ

(NGO, INGO, UN, Company)

အဖွဲ့အစည်းမှ နည်းပညာဆိုင်ရာသင်တန်းများ၊ ဓာတ်ခွဲခန်းစွမ်းရည်မြှင့်တင်ခြင်း၊ မျိုးဗီဇမြှင့်တင်ရေး ထောက်ပံ့မှုများ ၊ ရေရှည်တွင် မိမိဖာသာရပ်တည်ဆောင်ရွက်နိုင်အောင်လေ့ကျင့်ဆောင်ရွက်ရပါမည်။

## ၈။ စောင့်ကြည့်ထိန်းသိမ်းခြင်း

ပြည်ပသို့ တင်ပို့ခြင်း (တိရစ္ဆာန်အရှင် / အသား)

ပြည်ပတင်ပို့ခြင်းအား ပြည်ပပို့နိုင်သည့်အခြေအနေ၊ စီးပွားရေးလိုအပ်ချက်၊ နည်းပညာ၊ ဈေးကွက်လက်ခံနိုင်မှုပေါ် အခြေခံပြီး စီစစ်ဆောင်ရွက်ရပါမည်။ ကျွဲနွား ၉ ဒသမ ၈ သန်း အခြေခံတွက်ချက်ရာတွင် နှစ်စဉ် ၂-၃ သန်းခန့် ဈေးကွက်သို့ ရောက်ရှိနိုင်ပါသည်။ ထိုထဲမှပြည်ပသို့ ၃ ရာခိုင်နှုန်း ကနဦးရည်မှန်းဆောင်ရွက်ကြည့်ပါမည်။ နိုင်ငံအတွက် လိုအပ်သော မျိုးပွားမှု အခြေခံအရေအတွက်ကို ကောင်းစွာထိန်းသိမ်းထားနိုင်ပါသည်။ ဈေးကွက်လိုအပ်ချက်ကို ချိန်ဆပြီးစနစ်တကျ မျိုးပွားစီမံချက်များချမှတ်ဆောင်ရွက်ရပါမည်။ တစ်နှစ်ကောင်ရေ ၁၀၀၀၀၀- ရောင်းချ နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ USD သန်း ၃၀၀ ရရှိမည်ဖြစ်ပါသည်။ ကြီးမားသောဈေးကွက်ရှိခြင်း၊ သယ်ယူမှုနှင့် သိုလှောင်မှုကုန်ကျစရိတ်နည်းခြင်း၊ တိရစ္ဆာန်နှင့်အစာအရင်းအမြစ်များရှိခြင်း၊ တရားဝင်ကုန်သွယ်မှုဆောင်ရွက် ပြီး တရားမဝင်ကုန်သွယ်မှုလျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ကျေးလက်တောင်သူများလူမှုစီးပွားမြင့်မားခြင်း၊ မူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ မျိုးမြှင့်ခြင်းများဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခွာနာလျှာနာ ရောဂါကင်းရှင်းဇုန်

ပြည်ပတင်ပို့မှုလိုအပ်ချက်အရ ရောဂါကင်ရှင်းဇုန်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ပါသည်။ ရောဂါကင်းရှင်းဇုန်သည် တာဝန်ယူ/ တာဝန်ခံမှုနှင့်ဆောင်ရွက်ရပြီး ကုန်ကျစရိတ်မြင့်မားသဖြင့် ပြည်ပတင်ပို့ခြင်းအတွက်သာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှု၊ ပြည်ပတင်ပို့နိုင်မှု၊ ထုတ်လုပ်နိုင်မှု၊ လူစွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာငွေဖြည့်ဆည်းနိုင်မှု တို့အပေါ်အခြေခံ၍ နယ်စပ်ဒေသကုန်သွယ်လမ်း (ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ) နှင့် ပြည်တွင်း အချက်အချာ ဒေသ (နေပြည်တော်ကောင်စီနယ်မြေ) အခြေခံပြီး ရောဂါကင်းရှင်းဇုန် ၂ ခုဆောင်ရွက်သွားရပါမည်။ ရေရှည် တွင် ပုဂ္ဂလိကကဏ္ဍ အခြေပြုဆောင်ရွက်ရပါမည်။

ပျမ်းမျှအသားထုတ်လုပ်နိုင်မှု အလေးချိန်

ဒေသနွားများ၏ အသားထွက်နှုန်းသည် ပိဿာချိန် ၁၀၀ အောက်တွင်သာရှိပါသည်။ မျိုးမြှင့်တင်ခြင်းဖြင့် အသားတိုး နွားမျိုးစပ်များမွေးမြူခြင်းနှင့် အစာကျွေးစနစ်ပြောင်းလဲခြင်းကြောင့် ထုတ်လုပ်မှုမြင့်မားလာခြင်းနှင့် အသားအရည်အသွေး မြင့်မားလာခြင်းတို့ကြောင့် အသားထွက် ၂၀၀ ပိဿာ ကျော်အထိ ထွက်ရှိလာမည်။ ပြည်တွင်း လိုအပ်ချက်ကိုဖြည့်နိုင်ပြီး ပြည်ပတင်ပို့ခြင်း ဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေမြင့်မားလာမည်ဖြစ်ပါသည်။ စုစုပေါင်း အသား ထုတ်လုပ်မှု ၂၅% အထိ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ပြည်တွင်းတိရစ္ဆာန် အစာလုံလောက်မှု

တိရစ္ဆာန်အစာကြမ်း၊ အစာနုများ ပြည်တွင်းတွင်လုံလောက်အောင်ထွက်ရှိပါသည်။ စားကျက်များ စိုက်ပျိုး ခြင်း (မြက်မျိုးနွယ်/ ပဲမျိုးနွယ်)၊ အများပိုင်စားကျက်များစည်းကမ်းနှင့်အညီ ထိန်းသိမ်းခြင်းနှင့် တစ်နှစ်လုံး အတွက် အစာစုဆောင်းသိုလှောင်ခြင်းကို အစုအဖွဲ့များနှင့်ဆောင်ရွက်ခြင်း၊ ဒေသအလိုက် တိရစ္ဆာန်အစာ စက်ရုံများ တည်ဆောက်ခြင်း၊ မျိုးမြှင့်တင်ခြင်းအလိုက် အစာကျွေးမှုစနစ်ပြောင်းလဲခြင်း၊ ထုတ်လုပ်မှု တိုးတက်လာခြင်း၊ ဈေးကွက်လိုအပ်ချက်အလိုက်ဆောင်ရွက်ခြင်းကြောင့် ထုတ်ကုန်အရည်အသွေးမြင့်မားလာခြင်း၊ တစ်ကောင်ချင်းထုတ်လုပ်မှုမြင့်မားလာခြင်း၊ ထုတ်လုပ်သည့်အရေအတွက်ရောအရည်အသွေးပါမြင့်မားလာခြင်း၊ အစာကျွေးမှုနည်းပညာများမြင့်မားလာခြင်း၊ TMR နှင့် Silage ကျွေးစနစ်များ အသုံးပြုကာ မွေးဘက်ပေး ကန်ထရိုက်စနစ်များ၊ အစုအဖွဲ့များ၊ သမအဖွဲ့များ၊ ကုမ္ပဏီများမွေးမြူခြင်းတို့ကြောင့် ပြည်တွင်းတိရစ္ဆာန် အစာဖူလုံမှု ၈၀ရာခိုင်နှုန်း အထိ တိုးတက်လာမည်ဖြစ်ပါသည်။

ဒေသနွား မျိုးထိန်းမျိုးပွား ခြံများ

ဒေသမျိုးများကို ထိန်းသိမ်းရန် လိုအပ်ပါသည်။ ဒေသနွားမျိုးကောင်းများပေါများရာ ပျော်ဘွယ်၊ မြင်းခြံ၊ ရွှေဘိုနယ် တို့တွင် မျိုးရင်းထိန်းသိမ်းသောခြံများ ထားရှိရန်လိုအပ်ပါသည်။ မှတ်တမ်းများစနစ်တကျထားရှိရန် လိုအပ်ပါသည်။ ခြံတစ်ခုတည်း ဆောင်ရွက်၍မရပါ။ မျိုးတစ်မျိုး

စာ-၁၅ သို့



Photo - Myanmar Business Today

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၄၂)

## စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားရာတွင် အဝေးသင်ပညာရေး၏ အခန်းကဏ္ဍ(အဆက်)

(ယခင်အပတ်မှအဆက်)

## The Role of Distance Education/Online Learning in Agriculture (Continued)

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

သတင်းအချက်အလက်နည်းပညာ (ICT_Information and Communication Technology) သည် ယနေ့ခေတ်တွင် ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အလွန် အရေး ပါသော အခန်းကဏ္ဍမှ ပါဝင်လာပါသည်။ အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်၊ စာသင် ကျောင်းများ (ducation Institutions)၊ စာကြည့်တိုက်များ (Libraries)၊ စမတ်ဖုံးများ (Smart Phones)၊ ဆိုင်ဘာကာဖေးများ (Cyber or Internet cafes) နောက်ဆုံး ဈေးဝယ် ရာနေရာများကအစ ငွေမပါဘဲသုံးသောစနစ် (Cashless Use) စသည်ဖြင့် နေရာတိုင်းမှာတွင်ကျယ်စွာ အသုံးပြုလျက်ရှိနေပါသည်။ထိုမှ တစ်ဆင့် စိုက်ပျိုးမွေးမြူရေး ဆိုင်ရာ ပညာရေးကို ဆက်လေ့လာရအောင်ပါ။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အွန်လိုင်းမှ ပညာသင်ယူခြင်း (Online Learning Program/Learning from Remote Areas) ဆိုသည်မှာ အင်တာနက် နည်းပညာ (IoT_Internet of Things) ကို အသုံးပြု၍ ပညာရေး သင်ခန်းစာများကို အွန်လိုင်းမှတစ်ဆင့် သင်ယူနိုင်ရန် စီစဉ်ထားသော ပညာရေး အစီအစဉ်များဖြစ်ပါသည်။ ထိုအထဲမှာမှ ဩစတေးလျနိုင်ငံ တက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား ပေးနေပုံများကို ရေးသားဆွေးနွေးပါမည်။

ဩစတေးလျနိုင်ငံရှိ တက္ကသိုလ်အချို့တွင် စိုက်ပျိုးမွေးမြူရေး (Agriculture)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး (Rural Development) ဆိုင်သော ဘာသာရပ်များကို တက္ကသိုလ်များတွင် ကျောင်းသား/သူကိုယ်တိုင် တက္ကသိုလ်သို့လာရောက်သင်ယူ ရုံသာမက အွန်လိုင်း/ အဝေးသင်ပညာရေး (Online/Distance Education) သို့မဟုတ် လွယ်ကူ၊ ရိုးရှင်း၊ ပြုပြင် ပြောင်းလဲနိုင်သောလေ့လာမှု (Flexible Learning) ပုံစံဖြင့် အဆင့် အမျိုး မျိုးအလိုက်သင် ကြားပေးနေပါသည်။ အထူးသဖြင့် ကျေးလက်နေတောင်သူ လယ်သမား၊ သူ၏မိသားစုဝင်များအတွက်အလွန် အသုံးဝင်သော အစီအစဉ်ဖြစ်ပါသည်။

မှတ်တမ်းများအရ ဩစတေးလျနိုင်ငံ ကျေးလက်နေပြည်သူများ၏ ၇၂ရာခိုင်နှုန်း ခန့်သည် သူတို့စီးပွားရေးအတွက် ခေတ်မီနည်းပညာကို အွန်လိုင်း/အဝေးမှ လေ့လာ သင်ယူလျက်ရှိသည် ဟုတွေ့ရှိရပါသည်။ ၂၀၂၄-၂၅ ခုနှစ် စာရင်းဇယားအရ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းတွင် သုံးသိန်းခြောက်သောင်းကျော် အလုပ်လုပ်နေကြပြီး ၄ ပုံ ၁-ပုံလောက်က အသက်မွေးဝမ်းကျောင်းပညာရေး (TVET-Technical & Vocational Education and Training) ကို အွန်လိုင်းမှ သင်ယူ လျက်ရှိကြပါသည် (သို့သော် ဤနိုင်ငံ တွင်လည်း ကျေးလက်နေသူများ၏ ၆ ရာခိုင်နှုန်းခန့်က နည်းပညာကို အွန်လိုင်းမှ သင်ယူ ဖို့အခက်အခဲကို ကျော်လွှားနေကြပါသည် ဟူ၍မှတ်တမ်းများ တွေ့ပါသည်)

၂၀၂၅ ခုနှစ် မှတ်တမ်းများအရ မြန်မာလူဦးရေ ၆၁ ရာခိုင်နှုန်းခန့် အင်တာနက် အသုံးပြုနေရာ မြို့ပြနေသူကအများဆုံးအသုံးပြုနေပြီး ကျေးလက်နေပြည်သူ အနည်းငယ် ရာခိုင်နှုန်းသာသုံးကြသည်။ လျှပ်စစ်မီးအခက်အခဲ၊ WiFi အခက်အခဲတော့ အနည်းငယ်ရှိနေပါ သည်။

### အဓိက အကြောင်းအရာ

အွန်လိုင်းသင်ခန်းစာတစ်ခုလုံးကို ဒီဇိုင်းလုပ်ရာမှာ ပထမဦးစွာ "ဘာကို သင်ပေးမလဲ၊ ဘယ်လို သင်ပေးမလဲ၊ ကျောင်းသားတွေ ဘယ်လို လေ့လာ /ပါဝင်စေမလဲ" ဆိုတဲ့ သင်ကြားနည်းစနစ် (Pedagogy) ကို အရင်ဆုံး ဆုံးဖြတ်ရပါသည်။

ထိုနောက်မှသာ "ဘယ်နည်းစနစ် (platform) နဲ့ သင်မလဲ၊ ဥပမာ - LMS, Zoom, Teams…), ဘယ်သင်ထောက်ကူပစ္စည်း (Tools e.g. Video, Forum, Quiz app) စသည်ကို သုံးမလဲ" ဆိုပြီး နည်းပညာကို သင်ကြားနည်းစနစ် နဲ့ကိုက်ညီအောင် ရွေးချယ် သင့်ပါသည်။

### အွန်လိုင်း အစီအစဉ်/ဒီဇိုင်းလုပ်ရာမှာ လိုအပ်သည့် အချက်များ

လေ့လာခြင်းဖြင့်ရရှိသည့်အဖြေ (Learning outcomes) ကို ဦးစွာ သတ်မှတ်ပြီး ထိုအဖြေကို ရောက်အောင် ဘယ်လိုလေ့လာသင်ကြားမှုစနစ်များ ဥပမာ - ဆွေးနွေးခြင်း၊ စီမံချက်တစ်ခုလုပ်ခိုင်းခြင်း၊ ပြဿနာကို အခြေခံသော လေ့လာရေးစနစ် (Discussion, Project, Problem-based learning, etc.) စသည်တို့ ဘယ်လိုထည့်မလဲ ဆိုတာ စဉ်းစား ရပါမည်။ကျောင်းသားတွေအချင်းချင်း၊ကျောင်းသားနဲ့ဆရာ၊ ကျောင်းသားနဲ့ ဘာသာ ရပ် (Students and Subject Contents) ကြားက အရည်အသွေးကောင်းတဲ့ တုံ့ပြန်မှု (interaction) တွေ ဖြစ်အောင် စီမံဒီဇိုင်းလုပ်ဆောင်ရပါမည်။

**(သတိပြုရန်အချက်)**

ဤ အွန်လိုင်း/အဝေးမှသင်ယူမှုစနစ်ကို သမားရိုးကျ သင်ကြားရေးပုံစံများ၏ အစား ထိုးသင်ကြားမှုအဖြစ် မမြင်သင့်ဘဲ၊ အထောက်အကူပြုဖြစ်စေသော အစိတ်အပိုင်းတစ်ရပ် နှင့် တိုးချဲ့ သင်ကြားမှုစနစ်တစ်ခုအဖြစ်သာ မြင်သင့်ပါသည်။ အကောင်းဆုံးဖြစ်သည့် အွန်လိုင်း ဘာသာရပ် (Online course) တစ်ခုဖြစ်ပါစေ၊ ဆရာနှင့် မျက်နှာချင်းဆိုင် ဆက် သွယ်ရသောပုံမှန်စာသင်နည်းစနစ်များကိုအပြည့်အဝအစားထိုးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သမားရိုးကျ သင်တန်းများကို ဤစနစ်ဖြင့် လုံးဝပြောင်းလဲအစားထိုးခြင်း မပြုသင့်ပါ။

**(က) စိုက်ပျိုးမွေးမြူရေး အွန်လိုင်း/အဝေးသင်စနစ်သင်ကြားရေး အဆင့်များ**

(က-၁) လက်မှတ်ရသင်တန်းများ (Certificate Courses)

သင်ကြားချိန် ၆ လမှ ၁ နှစ်ကြာတတ်ပါသည်။စိုက်ပျိုး မွေးမြူရေး အခြေခံ အယူအဆများကို လေ့လာရန်ဖြစ်ပြီး စိုက်ပျိုးရေး မွေးမြူရေး နယ်ပယ်သို့ စတင်ဝင် ရောက်လိုသူများ၊ အခြေခံပညာလိုသူများ၊ ကျေးလက်နေ တောင်သူလယ်သမား သား၊ သမီး မိသားစုများအတွက် သင့်တော်ပါသည်။

(က-၂) ဘွဲ့ကြိုဒီပလိုမာသင်တန်းများ (Undergraduate Diploma)

သင်ကြားချိန် ၁ နှစ်မှ ၂ နှစ်ခန့်ကြာတတ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆိုင်ရာလက်တွေ့နှင့်စီးပွားရေးအခြေခံများကို အလေးပေးသင်ကြားပေးပါသည်။ ကျွမ်းကျင်အဆင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လက်တွေ့အလုပ်အကိုင်အတွက် အထောက်အကူဖြစ်စေပါသည်။

(က-၃) ဘွဲ့ကြို/ဘက်ချလာ ဒီဂရီသင်တန်းများ (Bachelor Degree Programs)

သင်ကြားချိန် ၃ နှစ် မှ ၄ နှစ်ခန့်ကြာတတ်ပါသည်။ အချိန်ပိုင်း/အွန်လိုင်း (Part-time and Online Programs) ရရှိနိုင်ပါသည်။ သင်ကြားပေးသောဘာသာရပ်များမှာ သီးနှံပင်စိုက်ပျိုးရေး (Crop Science)၊ တိရစ္ဆာန် မွေးမြူရေး (Animal Science)၊ မြေဆီလွှာသိပ္ပံ (Soil Science)၊ စိုက်ပျိုးရေး စနစ်များ (Farming Systems)၊ စိုက်ပျိုးစီးပွားရေးပညာ (Agribusiness) စသည်တို့ များစွာပါရှိပါသည်။ စိုက်ပျိုးမွေးမြူရေး ပညာရှင်စတင်ဖြစ်လိုသူများအတွက် အရေးပါ ဆုံးအဆင့် ဖြစ်ပါသည်။

(က-၄) ဘွဲ့လွန် သင်တန်းများ (Postgraduate Coursework Programs)

- ဘွဲ့လွန်လက်မှတ်ရ/ဘွဲ့လွန်ဒီပလိုမာ (Graduate Certificate/ Graduate Diploma)

သင်ကြားချိန် ၆ လမှ ၁ နှစ် ကြာတတ်ပါသည်။အလုပ်လုပ်နေသူများ၊ လုပ်ငန်းခွင် ရှိပြီးသူများအတွက်အရည်အချင်းတိုးတက်ရေးအစီအစဉ်ဖြစ်ပါသည်။ အွန်လိုင်း/ အဝေးသင်စနစ်ဖြင့် သင်ယူနိုင်ပါသည်။

- မဟာစိုက်ပျိုးမွေးမြူရေးဘွဲ့ (Master's Degree in Agriculture_Course Works)

သင်ကြားချိန် ၁ ဒသမ ၅ မှ ၂ နှစ် ကြာရှိနိုင်ပါသည်။ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ဘာသာရပ် အများစုကို အွန်လိုင်းဖြင့် အပြည့်အဝ (Often fully online) သင်ယူနိုင်ပါသည်။ တစ်ချို့ တက္ကသိုလ်၊ လက်တွေ့နယ်ပယ်များသို့ သွား၍ လက်တွေ့လုပ်၊ သုတေသနလုပ်၊ ကြီးကြပ် ဆရာနှင့်လူချင်းတွေ့ဆုံ (In person)ပြီး သင်ယူမှုစနစ် ၂ ခုစလုံးပါဝင်သော (Blended Learning) တို့ပါဝင်ပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ သုတေသနကျွမ်းကျင်မှုများ

စာ-၁၁ သို့

စာ-၁၀ မှ

ကို အလေးပေး ထားပါသည်။

(က-၅) သုတေသနအဆင့်သင်ကြားမှုအစီအစဉ်များ (Research Degrees Program)

မဟာစိုက်ပျိုးမွေးမြူရေးသိပ္ပံ-သုတေသန (Master of Agricultural Science_ Research) နှင့် ပါရဂူဘွဲ့ PhD (Doctor of Philosophy) တို့သည် သုတေသနအခြေပြု ဘွဲ့အမြင့်ဆုံးဖြစ်ပြီး တက္ကသိုလ် အများစုကတော့ ကျောင်းသား/သူကိုယ်တိုင် သုတေသနပြု ရမည်ဖြစ်ပြီး အချို့တက္ကသိုလ်များတွင် အချို့ဘာသာရပ်များ၌ အွန်လိုင်း သင်ကြား/သင်ယူ မှုဖြင့် လေ့လာနိုင်ပါသည်။ လက်တွေ့လုပ်နေသော စိုက်ပျိုးမွေးမြူရေး သုတေသနပညာရှင်အများအတွက် ဘာသာရပ်အချို့မှာ သင့်တော်သော ပညာသင်ကြားမှုများ ဖြစ်ပါသည်။

(က-၆) တစ်ဘာသာချင်းသင်ကြားပေးသောသင်တန်းများ (Micro-credentials/Single Subjects)

ဘာသာရပ်တစ်ခုချင်းစီကို အွန်လိုင်း/အဝေးစနစ်ဖြင့် လေ့လာနိုင်ပါသည်။ ဥပမာ - မြေဆီလွှာစီမံခန့်ခွဲမှုနည်းစနစ်များ (Soil Management)၊ တိကျသောစိုက်ပျိုးမွေးမြူရေး စနစ်များ(Precision Agriculture)နောက်ပိုင်း ဒီပလိုမာ၊ဘွဲ့ကြိုသင်တန်းများသို့ ဆက်တက်နိုင်သော အခွင့်အလမ်းရှိပါသည်။

စိုက်ပျိုးမွေးမြူရေးပညာကို အဝေးမှအောင်မြင်စွာ သင်ကြားပေးနေသည့် တက္ကသိုလ်များမှ ဩစတေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် (NSW_New South Wales) ရှိ အောက်ပါတက္ကသိုလ် ၂ ကျောင်း အကြောင်း လေ့လာရအောင်ပါ-

**(က) ချားလ်စတူးဝတ်တက္ကသိုလ် (CSU_Charles Stuart University)**

တက္ကသိုလ်မူလနယ်မြေ ဝက်ဂါဝက်ဂါ (Wagga Wagga main Campus) အပြင် နယ်မြေ ပေါင်း ၈ ခုရှိပါသည်။ ချားလ်စတူးဝတ်တက္ကသိုလ်၏ အဓိကထူးခြားမှုလက္ခဏာသည် ဩစတေးလျ၏ ကျေးလက်ဒေသရှုခင်းများ (Australian Rural Landscape) နှင့် ခွဲခြား၍မရအောင် ဆက်စပ်နေပြီး၊ အထူးသဖြင့် အဓိက နယ်မြေ (Wagga Wagga Campus) သည် အဓိက ဗဟိုချက် ဖြစ်ပါသည်။ ဤနေရာတွင် ဟက်တာ ၁,၆၀၀ ကျယ်ဝန်းသော လက်တွေ့နှင့် သုတေသန စိုက်ခင်း (Practical & Research Farms) နှင့် တောင်ဘက်ကမ္ဘာခြမ်း (Southern Hemisphere)တွင် အကြီးဆုံးဖြစ်သော အပြည်ပြည်ဆိုင်ရာ ဒစ်ဂျစ်တယ် စိုက်ပျိုးမွေးမြူရေးခြံ (Global Digital Farm) တို့ တည်ရှိပါသည်။ တက္ကသိုလ်၏ ဆောင်ပုဒ် ဖြစ်သော "Yindyamarra winhanganha" (Wiradjuri လူမျိုးစုဘာသာစကားဖြင့် "နေချင်စဖွယ် ကမ္ဘာလောကတွင် ကောင်းမွန်စွာ နေထိုင်တတ်စေရန် လေးစားစွာဖြင့် အသိပညာရှာဖွေခြင်း" ဟု အဓိပ္ပာယ်ရပါသည်) တက္ကသိုလ်၏ လူ့ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်ဖြစ်ပါသည်။ ဤအတွေးအခေါ်သည် ရိုးရာဇီဝသိပ္ပံပညာရပ်များကို အဆင့်မြင့်စနစ် သုံးမှု၊ ဇီဝနည်းပညာနှင့် စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေး ဘဏ္ဍာရေးတို့နှင့် ပေါင်းစပ်ကာ" ကျေးလက်ဒေသ လုပ်ငန်းခွင်များအတွက် အသင့်ဖြစ်စေနိုင်သော" ဘွဲ့ရများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။



ချားလ်စတူးဝပ်တက္ကသိုလ်၊ ဩစတေးလျ

ပုံမှန်နှင့်အွန်လိုင်း ပေးနေသော အစီအစဉ်များမှာ-

လက်မှတ်ရစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်း (Associate or Certificate Programs in Farm Production)၊

ဘွဲ့သင်တန်းများ -

(က-၁) စိုက်ပျိုးမွေးမြူရေးဆိုင်ရာကူးသန်းရောင်းဝယ်ရေးပညာ (Bachelor of Agricultural Business Management)၊

(က-၂) စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးသိပ္ပံပညာ (Bachelor of Agriculture and Agricultural Science)၊

(က-၃) မွေးမြူရေးသိပ္ပံပညာ (Bachelor of Animal Science)၊

(က-၄) ဥယျာဉ်ခြံသီးနှံပညာ (Bachelor of Horticulture)၊

(က-၅) ပတ်ဝန်းကျင်သိပ္ပံနှင့်စီမံခန့်ခွဲမှုပညာ (Bechelor of Environmental Science & Management)၊

(က-၆) မြင်းများ၏ ကျန်းမာရေး၊ မွေးမြူရေး၊ အစားအစာ၊ လေ့ကျင့်မှုနှင့် စီမံခန့်ခွဲမှု ဆိုင် ရာသိပ္ပံပညာ (Bachelor of Equine Science)၊

(က-၇) ဝိုင်သိပ္ပံပညာ (Bachelor of Wine Science) စသည်ဖြင့် အမျိုးစုံလှပါသည်။

**(ခ) ယူနန်အီး-နယူးအင်ဂလန်တက္ကသိုလ် (UNE_University of New England)**

ဤတက္ကသိုလ်သည် ဩစတေးလျတွင် အဝေးသင်/အွန်လိုင်း ပညာရေး (Distance & Online Education) အတွက် အကောင်းဆုံး တက္ကသိုလ်၊ အလွန်အရေးပါသော တက္ကသိုလ် များထဲမှ တစ်ခုဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် ယူနန်အီး (UNE_University of New England) မှ ကျောင်းသားများ၏ ၈၄ ဒသမ ၄ရာခိုင်နှုန်းသည် အွန်လိုင်း သို့မဟုတ် ပြင်ပမှ တစ်ဆင့်သင်ကြားနေကြသူများဖြစ်သည်။ ဆိုလိုသည်မှာ ကျောင်းသားစုစုပေါင်း၏ ၁၅ ဒသမ ၅၂ ရာခိုင်နှုန်းသာလျှင် အာမီဒေးလ်မြို့ (Armidale) ကျောင်းဝင်းသို့ ကိုယ်တိုင် လာရောက် သင်ကြားကြသည်။ တက္ကသိုလ်တွင် ကျောင်းသား စုစုပေါင်း ၂၂,၀၀၀ ကျော် ရှိပြီး ၎င်းတို့အနက် ၉၇ရာခိုင်နှုန်း ခန့်မှာ ဩစတေးလျပြည်တွင်းကျောင်းသားများ ဖြစ်ကြသည်။ အမျိုးသမီးကျောင်းသူဦးရေ ၆၇ဒသမ၇၆ရာခိုင်နှုန်းအထိ ရှိနေခြင်းမှာ ဤတက္ကသိုလ် ၏ အွန်လိုင်းသင်ကြားမှုပုံစံသည် အလုပ်နှင့်မိသားစုတာဝန်များကြား ပညာသင်ကြားလို သော အမျိုးသမီးများအတွက် အထူးအဆင်ပြေစေပါသည်။

**စာရေးသူ၏ဆွေးနွေးမှု**

လက်တွေ့ LMS လေ့ကျင့်သင်ကြားမှုကို ရွှေရောင်လွင်ပြင်အဖွဲ့နှင့်သံလျင် သမဝါယမ တက္ကသိုလ် တို့ပူးပေါင်းဖွင့်လှစ်တဲ့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအွန်လိုင်း လက်မှတ်ရ ၆-လ သင်တန်း (Agribusiness Online Certificate Courses) မှာ သင်တန်းသူ၊ သင်တန်းသား များအား ကြိုတင်မေးခွန်းများ (Pretest questions) ဖြေခိုင်းခြင်း၊ မန်တီမီတာ (Menti-meter App.) နှင့် ကလပ်စ်ပွိုင့်စနစ် (Classpoint App.) များအသုံးပြု၍ သင်တန်းသားများ ထင်မြင်ချက်ကို စမ်းသပ်စစ်ဆေးခြင်း၊ လက်တွေ့ရေးသားဆွေးနွေးရန် အချက် များ (Assignments) ကို အီးမေးလ် (Email) များဖြင့် တစ်ဦးချင်းစီ တင်ခိုင်းခြင်း စသည်တို့ကို ပြုလုပ်ရာ သင်တန်းသား/သူများ မိမိအိမ်/ရုံးမှ တက်ကြွစွာ ဖြေဆိုနေသည်ကို တွေ့ရပါ သည်၊ နောင်ဆက်ဖွင့်မည့် ဒီပလိုမာ (Diploma Courses) သင်တန်းတွင်မူ သင်တန်းသား/သူ များ ၂-ခုပေါင်း လေ့လာရေး အစီအစဉ် (Blended Learning) အရ လူကိုယ်တိုင် လာ ရောက်၍ စနေ၊ တနင်္ဂနွေ ပိတ်ရက်များ (Weekends) တွင် သင်ကြားပေးရန် စီစဉ် လျှက် ရှိနေပါသည်။

ဒေါက်တာမျိုးကြွယ်

မှီငြမ်းစာတမ်းများ

Chhabra, S. (2013) ICT Influences on Human Development, Interaction and Collaboration. IGI Global. 333p.

Dufty, N and Jackson, T. (2018) ICT use in Australian Agriculture. Dept. Agri. & Water Resources, Aus. Government. 22p.

The Head Foundation (2017) ICT in ASEAN Education: Challenges and New Opportunities. The Policy Breif No. 2. 10p.

https://study.csu.edu.au/

(ဆက်လက်ဖော်ပြပါမည်)




၁၁-၂-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထား သော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၉၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၉၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းဆန်သစ် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၈၅၀၀၀ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၈၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်းဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၂၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်းဆန်ဟောင်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၉၇၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်ယာဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ကျပ် နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထဆန်ကြမ်း ၁၅ ရာခိုင်နှုန်း ၊ အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၀၅၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန်တစ်တင်းခွဲတစ်အိတ်လျှင် ၅၀၀၀၀ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၄၉၀၀၀ ကျပ် နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါကရွှေဘိုပေါ်ဆန်းဆန်သစ်တစ်မျိုးသာထပ်မံဈေးမြင့်ခဲ့သည်။ ရွှေဘိုပေါ်ဆန်း ဆန်သစ် တစ်အိတ်လျှင် ယခင်အပတ်ထက် ကျပ် ၇၀၀၀ ဝန်းကျင်ခန့် ဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ဆန်ဟောင်းများဈေးမြင့်နေချိန်တွင် ဆန်သစ်များ အရည်အသွေး ပိုမို ကောင်းမွန်ခြောက်သွေ့လာခြင်းနှင့် စားသုံးသူများက ရောနှောစားသုံးရန် ဝယ်ယူမှုများခြင်း တို့ကြောင့် ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ကျန်ဆန်အမျိုးအစား များမှာ ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပေ။ ပြည်တွင်းစားသုံးမှုများသောဆန်ချော၊ ဆန်လတ်များမှာ ဆန်ဟောင်းများ ရှားပါးလာချိန်ဖြစ်သော်လည်း စပါးဟောင်းများအား လတ်တလော အသစ်ကြိတ်ခွဲထားသော ဆန်းဟောင်းကြိတ်သစ်များအဖြစ် ဈေးကွက်အတွင်း ဝင်ရောက်မှုရှိနေသေးခြင်း၊ ဆန်ဟောင်းအဝင်နည်းကာ ဈေးမြင့်နေချိန်တွင် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်း၊ ဆန်ချောနှင့်ဆန်ကြမ်းရောနှောစားသုံးမှုများခြင်း၊ ပြည်ပပို့ဆန်ဈေးကွက်တွင်လည်း ပုံမှန်တင်ပို့မှုရှိခြင်း၊ ပြည်တွင်းဆန်ဈေးများ တည်ငြိမ်မှန်ကန်မှုရှိစေရန် စားသုံးသူများထံသို့ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ကားများ လှည့်လည်ရောင်းချပေးလျက်ရှိခြင်းတို့ကြောင့် ပြည်တွင်း စားသုံးမှုများသောဆန်ချော၊ ဆန်လတ်အများစုမှာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံ့တေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်ပို့ချိန်ဖြစ်ခြင်း၊ ပို့ကုန်ရငွေအပေါ် ဖြေလျှော့မှုများရှိလာခြင်းကြောင့် ကုန်သည်၊ ဝယ်လက်များမှ ဈေးမြှင့်ပေး ဝယ်မှုရှိခြင်း၊ ယခင်နှစ်များက အစေ့ထုတ်ပြောင်း အကောက်ခွန်လွတ်တင်သွင်းခွင့် ကာလမှာ ၇ လ ရှိခဲ့သော်လည်း ယခုနှစ်အတွက် အကောက်ခွန်လွတ်တင်သွင်းခွင့်ကာလမှာ ၅ လသာရှိသဖြင့် အပြိုင်အဆိုင် ဝယ်ယူမှုများရှိခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၇၉၉၂၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၁၅၄၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ အခြားသောအာဆီယံနိုင်ငံများသို့ ပြောင်းတန်ချိန်ပမာဏ တိုးမြှင့်တင်ပို့ ရောင်းချနိုင်ရန် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းက စီစဉ်လျက်ရှိပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ညှိနှိုင်းမှုများပြုရန် စီစဉ်ထားကြောင်း သိရသည်။

## စားဖိုးဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက်(ရှည်)ဈေးနှုန်းများမှာ ဈေးကွက်သို့ ပန်းရဲနှင့်မြားနီငရုတ်ခြောက်များ ကုန်ဝင်ရောက်မှုနည်းခြင်း၊ အအေးခန်းလှောင်စများဖြစ်၍ အရည်အသွေးလုပကောင်းမွန်ခြင်းကြောင့်လည်းကောင်း၊ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပု)တစ်မျိုးသာ ကုန်အဝင်ရှိခြင်းနှင့် ကုန်အဝင်မရှိသလောက်နည်းခြင်းတို့ကြောင့်လည်းကောင်း ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်ခဲ့သည်။ ငရုတ်ခြောက်(လတ်)မှာ ဟသ်ာတ(မိုးထောင်)တစ်မျိုးသာ ကုန်ဝင်ရောက်မှု ရှိသော်လည်း ကုန်အဝင်ပုံမှန်ရှိလာခြင်းနှင့် ရာသီပူချိန်ဖြစ်၍ ဝယ်ယူစားသုံးမှုနည်းခြင်း တို့ကြောင့် ယခင်အပတ်ထက် သိသာစွာဈေးနိမ့်ခဲ့သည်။ ငရုတ်ခြောက်(ရှည်၊လတ်၊ပွ) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ (၁၄၀၀၀-၁၈၂၅၀-၂၀၅၀၀)ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ (၁၅၂၅၀-၁၆၅၀၀-၂၂၀၀၀)ကျပ်ဖြစ်သည်။ ကြက်သွန်နီ(ထူး၊လတ်၊ သေး)မှာ ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ၊ မုံရွာ၊ ဆင်ဖြူကျွန်း၊ တောင်းတွင်း၊ မင်းဘူး၊ ပခုက္ကူဒေသ များမှ ကုန်အဝင်ရှိခဲ့ကြောင်းသိရသည်။ ယခင်လအတွင်း ကြက်သွန်နီအဟောင်းရော အသစ်ပါ ကုန်ဝင်ရောက်မှုများကာ ရောင်းလိုအားများခဲ့ခြင်း၊ ယခုလတွင် ကြက်သွန်နီအသစ်များ လှိုင်လှိုင်ပေါ်ချိန်ဖြစ်ခြင်း၊ ရောင်းလိုအားများခြင်းနှင့် ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှု များခဲ့ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားနည်းခဲ့ခြင်းတို့ကြောင့် ယခုရက်သတ္တပတ်အတွင်း ကုန်အဝင်နည်းလာသော်လည်း ကြက်သွန်နီ(ထူး၊လတ်၊သေး)ဈေးနှုန်းများမှာ ယခင်အပတ် ထက်ဈေးနိမ့်ခဲ့သည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ (၂၃၀၀-၂၂၅၀-၁၈၅၀)ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ (၂၂၀၀-၂၁၅၀-၁၇၅၀) ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ကြက်သွန်ဖြူကြူကုတ်မှာ တရုတ်နှစ်သစ်ကူးပိတ်ရက်များ နီးလာခြင်းကြောင့် ကုန်အဝင်နည်းကာ ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ ကြူကုတ်ကြက်သွန်ဖြူများ ဈေးမြင့်လာချိန်တွင် စားသုံးသူများမှ ဝယ်ယူမှုများလာခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၁၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၂၅၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၉၀၀ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ရှမ်းအာလူးများ ကုန်အဝင်ပုံမှန်ရှိသော်လည်း အာလူး(အက်စ်ဝမ်း)မှာ အရည်အသွေးနိမ့်လာခြင်းကြောင့် အနည်းငယ်ဈေးနိမ့်ခဲ့သည်။ အာလူး(အိုကေ)မှာ ရောင်းလိုအား ဝယ်လိုအားမျှကာ ဈေးငြိမ်လျက်ရှိပြီး အာလူး(အေဝမ်း)မှာ စားသုံးသူများမှ ဝယ်လိုအားများခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ အာလူး (အက်စ်ဝမ်း၊ အိုကေ၊ အေဝမ်း) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ (၄၅၀၀-၄၀၀၀-၃၅၀၀)ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ (၄၀၀၀-၄၀၀၀-၃၈၀၀)ကျပ်ဖြစ်သည်။ တရုတ် အာလူးများလည်း ကုန်အဝင်ပုံမှန်ရှိပြီး ဝယ်ယူစားသုံးမှုနည်းလာခြင်းကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၂၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သောနိုင်ငံများတွင်ဖြစ်ပေါ်လျက်ရှိသောဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၂၀၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စားအုန်းဆီတစ်ပိဿာလျှင် ၅၀ ကျပ်နှုန်းဈေးမြင့်လာခြင်းဖြစ်သည်။ ပြင်ပရိုလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၂-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်နှင့်ဆီဈေးကွက်

ရန်ကုန်ပေါ်ဆန်းမှာ အဟောင်းလက်ကျန် နည်းသွားပြီး အသစ်များသာ ရောင်းဝယ်မှုများခြင်းကြောင့် အသစ်တစ်အိတ် ၁၂၀၀၀၀ကျပ်မှ ၁၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် အဟောင်း တစ်အိတ် ၁၉၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အသစ်မှာ ၁၆၀၀၀၀ကျပ်မှ ၁၇၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မနောသုခ ဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် အသစ်တစ်အိတ် ၆၅၀၀၀ ကျပ် အဟောင်းတစ်အိတ် ၈၅၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ဇီယာဆန်မှာ အသစ်ဝင်ရောက်မှုများလာခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ဖြစ်ခြင်းကြောင့် အသစ် တစ်အိတ် ၆၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငစိန်ဆန်မှာ အသစ်အဝင်၊ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၅၀၀၀၀ကျပ်ဖြင့် ဈေး တည် ငြိမ်နေသည်။ ရောမင်းဆန်မှာ အဟောင်းလက်ကျန်နည်းခြင်း ကြောင့် အသစ်များသာ ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၁၂၀၀၀၀ကျပ်မှ ၁၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ စားသုံးဆီဈေးနှုန်းအနေဖြင့် ပဲဆီတစ်ပိဿာ ၁၆၀၀၀ကျပ်၊ နှမ်းဆီတစ်ပိဿာ ၁၂၅၀၀ကျပ်ဖြင့် အရောင်း အဝယ်ဖြစ်မှုများသည်။

## ဆီထွက်သီးနှံ ဈေးကွက်

မြေပဲ(လုံးဆန်)မှာ အသစ်အဝင်နည်းသွားခြင်း၊ လုပ်ငန်းသမားပုံမှန်အဝယ်ရှိခြင်းကြောင့် အညာဆံ ၁၀၀ပိဿာ ၉၅၀၀၀၀ ကျပ်မှ ၉၇၀၀၀၀ ကျပ်၊ မြင်းမူဆန် ၉၅၀၀၀၀ကျပ်မှ အရည်အသွေးပေါ်မူတည်၍ အကောင်းဆုံး ၁၀၄၀၀၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။ မြေပဲ(ဆီဆန်)အသစ် ဝင်ရောက်သော်လည်း အဝင်ပုံမှန် ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း ကြောင့် အရည်အသွေး အကောင်းဆုံး ၁၀၀ပိဿာ ၉၃၀၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။ ဆောင်းနှမ်းအသစ်အဝင်နည်းသွားခြင်း၊ လုပ်ငန်းသမား၊ အဝေးပို့သမား အဝယ်နည်းခြင်းကြောင့် နှမ်းဖြူ(ရိုးရိုး) ၄၅ပိဿာ ၃၄၀၀၀၀ကျပ်၊ နှမ်းဖြူ ဂျပန် ၃၃၀၀၀၀ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။ နှမ်းညိုမှာ တောင်သူထုတ်ရောင်းမှုရှိခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃၂၀၀၀၀ ကျပ်မှ ၃၁၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ နှမ်းနက် (စမုံ)မှာ အဝင်နည်းသွားခြင်း၊ အဝေးပို့သမား အဝယ်ရှိခြင်းကြောင့် ၄၅ပိဿာ အရည်အသွေးပေါ် မူတည်၍ ၆၈၀၀၀၀ကျပ်မှ ၇၆၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ပန်းနှမ်း အသစ်များဝင်ရောက်မှုရှိခြင်း၊ ပန်းနှမ်းဈေးမြင့်သဖြင့် ရောဆီ အတွက် ဆီစက်သမားအဝယ်နည်းခြင်း၊ ပရဆေးသမားအဝယ် နည်းခြင်းကြောင့် ၄၅ပိဿာ ၃၂၀၀၀၀ကျပ်မှ ၂၈၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ဆောင်းနေကြာအသစ်များ စတင်ဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ ဆီစက်သမား၊ လှောင်သမားအဝယ်ရှိခြင်းကြောင့် ၂၇ပိဿာ ၂၀၀၀၀၀ကျပ်မှ ၂၁၂၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲအသစ်များ ဝင်ရောက်ပြီး အရည်အသွေးကောင်းခြင်းကြောင့် ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၈၀၀၀၀ ကျပ်မှ ၂၉၄၀၀၀ ကျပ်သို့ လည်းကောင်း၊ အညာပဲတစ်အိတ် အရည်အသွေး ပေါ်မူတည်၍ ၂၅၀၀၀၀ ကျပ်မှ ၂၉၂၀၀၀ ကျပ် ဈေးအသီးသီးဖြင့် ပဲခွဲစက်နှင့် ရန်ကုန် ဝယ်လက်ဝယ်ယူမှုပုံမှန် ရှိနေသည်။ ပဲတီစိမ်းအသစ် အဝင်များလာခြင်း၊ ပဲခွဲစက်နှင့် အဝေသမား အဝယ်နည်း ခြင်းကြောင့် အညာပဲ ၃တင်းတစ်အိတ် ၂၉၀၀၀၀ ကျပ်မှ ၂၈၀၀၀၀ ကျပ်၊ ခြံပဲ အရည်အသွေး ပေါ်မူတည်၍ အညံ့ဆုံး ၃တင်းတစ်အိတ် ၂၃၀၀၀၀ ကျပ်မှ ၂၉၂၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်မှုရှိသည်။ ပဲစဉ်းငုံ(နီ)များ အသစ်ဝင်ရောက်မှုရှိပြီး အသစ်ရော အဟောင်းပါ ရောင်းဝယ်မှုရှိပြီး အသစ် ၃တင်းတစ်အိတ် ၃၀၃၀၀၀ ကျပ်၊ အဟောင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်ဖြင့် ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက် ပုံမှန်ရှိနေသည်။ ပဲစဉ်းငုံ (ဖြူ) မှာ အသစ်များဝင်ရောက်မှုရှိပြီး အရည် အသွေးကောင်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ၃တင်းတစ်အိတ် ၂၄၅၀၀၀ ကျပ်မှ ၂၇၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲပုတ် (မြန်မာ)မှာ အသစ်မဝင်သေးခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် ၃တင်းတစ်အိတ် ၃၃၀၀၀၀ ကျပ်မှ ၃၄၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ပဲပုတ် (ရှမ်း)မှာ အသစ်များ ဝင်ရောက်မှုရှိပြီး အဝင်ပုံမှန် ဆီစက်သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် မိုးမိတ်ပဲ ၃တင်းတစ်အိတ် ၃၅၅၀၀၀ ကျပ်၊ မိုးညွင်းပဲပုတ် ၃၆၀၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။ ကုလားပဲ အသစ်များ မန္တလေးဝန်းကျင်၊ မုံရွာတို့မှ ဝင်ရောက်ပြီး ကုလားပဲ၊ (ကုဖြူကြီး) အသစ်တစ်အိတ် ၂၂၀၀၀၀ ကျပ်၊ အဟောင်းတစ်အိတ် ၂၂၁၀၀၀ ကျပ်၊ ကုလားပဲ (လုံးဝါကြီး) ၂၂၅၀၀၀ ကျပ်၊ ကုလားပဲ V7 ၂၀၈၀၀၀ ကျပ်၊ 929 ၂၂၂၀၀၀ ကျပ်၊ ဈေးအသီးသီးဖြင့် ရောင်းဝယ်နေသည်။ ကုလားပဲ (ခွဲခြမ်း)မှာလုံးဝါကြီး အသစ်များဝင်ရောက်မှုရှိခြင်း လက်ကျန်များ ခြင်းကြောင့် ၁ပိဿာ ၅၇၀၀ မှ ၅၄၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေထောက်ပဲမှာ မုံရွာပဲ ၃တင်းတစ်အိတ် ၂၅၀၀၀၀ ကျပ်၊ အညာပဲအဟောင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်၊ အညာပဲ အသစ်တစ်အိတ် ၃၀၀၀၀၀ ကျပ်ဖြင့် ပဲကြော်၊ လှော်လုပ်ငန်းသမား အဝယ်ပုံမှန်ရှိနေသည်။ ပဲယင်းမှာ အသစ်များစတင်ဝင်ရောက်ခြင်း၊ အဝင်နည်းခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၂၁၅၀၀၀ ကျပ်မှ ၂၂၂၀၀၀ ကျပ် ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ စားတော်ပဲ(ကျွန်း)မှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေး ပေါ်မူတည်၍ ဈေးနှုန်းကွာခြားခြင်း၊ အရောင်းအဝယ်ဖြစ်မှုပေါ်မူတည်၍ ယခင်အပတ် ၁၀၄၀၀၀၀ ကျပ်မှ ယခုအပတ် ၆၅၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲကြီး(ကြီး) အသစ်မဝင်သေးခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၃ တင်းတစ်အိတ် ၅၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(သေး)မှာ လက်ကျန်များခြင်း၊ လက်လီသမား၊ ပဲကြော်/လှော်သမား အဝယ်နည်းခြင်းကြောင့် ၃ တင်း တစ်အိတ် ယခင်အပတ် ၄၅၀၀၀၀ ကျပ်မှ ၄၃၇၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ထောပတ်ပဲ(ကြီး)မှာ အသစ်မဝင်သေးခြင်း၊ လုပ်ငန်း သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ထောပတ်ပဲ(သေး)မှာ အသစ်ဝင် ရောက်မှုရှိခြင်း လက်ကျန်အဟောင်းများလည်းရှိသော်လည်း လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင် အပတ် ၃ တင်းတစ်အိတ် ၂၁၀၀၀၀ ကျပ်မှ ၂၁၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက် အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၈၅၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ ငရုတ်ခြောက် (လတ်)မှာ မြန်မာစကာသီးများ မဝင်သေးဘဲ ရှမ်းစကာသီးများသာ တွေ့ရပြီး တစ်ပိဿာ ၂၀၀၀၀ကျပ် ဆင်ဖြူကျွန်းငရုတ်(ပွ)တစ်ပိဿာ ၂၈၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံးစွဲနှင့် ပါတ်ဝန်းကျင်အမှာရှိသော မြို့များ ရွှေကူသို့တင်ပို့မှုရှိသည်။ ကြက်သွန်နီမှာ မြစ်သားကြက်သွန်များ လှိုင်လှိုင် ဝင်ရောက်မှုရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၃၅၀၀ ကျပ်မှ ၂၈၀၀ကျပ်၊ လတ်တစ်ပိဿာ ၃၂၀၀ကျပ်မှ ၂၅၀၀ကျပ်၊ သေးတစ်ပိဿာ ၂၅၀၀ကျပ်မှ ၁၈၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)များလက်ကျန်နည်း အရောင်းအဝယ်ဖြစ်မှုနည်းသွားပြီး ရွှေဘိုရွှေပန်းကုံးဘက်မှ မြန်မာဖြူများ စတင်ဝင်ရောက်လာပြီး အရည်အသွေးအကောင်းဆုံး တစ်ပိဿာ ၇၀၀၀ကျပ်မှ အညံ့ဆုံး ၄၀၀၀ကျပ် ဈေးရှိသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ တစ်ပိဿာ ၁၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ အောင်ပန်းနှင့် တရုတ်အာလူးများ အဝင်မရှိတော့ဘဲ ပခုက္ကူနှင့် ဘန့်ဘွေ့သီးများ ဝင်ရောက်မှုရှိပြီး နှစ်မျိုးစလုံး တစ်ပိဿာ ၃၅၀၀ကျပ်ဖြင့် ရောင်းဝယ်နေ သည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ ဈေးကွက်

ရှမ်းတောင်ခရမ်းချဉ် အဝင်နည်းနေပြီး မုံရွာ(တရုတ်-တိုင်ပေ)သီးများ အဝင်များပြီး မြို့တွင်းသုံးစွဲမှုသူရှိခြင်းကြောင့် ၁၀ ပိဿာတစ်ခြင်း ၄၀၀၀၀ ကျပ်မှ ၃၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ငရုတ်စို (ရှည်)မှာ မုံရွာ၊ ချောင်းဦးမှ ဝင်ရောက်ပြီး တစ်ပိဿာ ၅၅၀၀ကျပ်၊ ငရုတ်စို(လတ်) ၆၅၀၀ ကျပ်ဖြင့် မြို့တွင်း လက်ဖက်၊ ငါးပိထောင်းသမား လက်လီသမား အဝယ်ပုံမှန်သာရှိပြီး နယ်ဝေးတင်ပို့ရမှုနည်းနေသည်။ ဆောင်းကာလဖြစ်၍ ဟင်းသီး/ရွက်များမှာ ဘိုစားပဲတစ်ပိဿာ ၄၀၀၀ ကျပ်၊ ပန်းမုံလာတစ်ပိဿာ ၁၅၀၀ ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၂၀၀၀ကျပ်၊ ဂေါ်ရခါးသီးတစ်လုံး ၃၀၀ ကျပ်မှ ၄၀၀ ကျပ်၊ မုန်လာဥနီတစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် မြို့တွင်း လက်လီသမားနှင့်

စာ-၁၅ သို့

# ဖော့ပင်

## သဘာဝကပေးအစာနှင့်ဆေး

ကြေးမုံငယ်



ဖော့ပင်ကို သစ်ဖူးပင်ဟုလည်း ခေါ်ဆိုတတ်ကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Snowflake tree နှင့် White-head tree ဟု ခေါ်ဆိုကြပြီး ရုက္ခဗေဒ အမည် မှာ Trevesia palmata ဟု ခေါ်ဆိုပြီး ဂျင်ဆင်းမျိုးရင်းဝင် Araliaceae တွင် ပါဝင်၏။ ဖော့ပင် သည် ဟိမဝန္တာ တောင်တန်း၊ တောင် အာရှနှင့် အရှေ့တောင် အာရှဒေသ တို့တွင် မူရင်းစတင် ဖြစ်ထွန်း ပေါက်ရောက်ခြင်း ဖြစ်၏။ ဖော့ပင် သည် အရှေ့တောင်အာရှ တွင် မူရင်း ဒေသဖြစ်ပြီး အထူးသဖြင့် နီပေါလ်၊ အိန္ဒိယနှင့် ဘူတန်မှ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ် နိုင်ငံတောင်ပိုင်းအထိ သဘာဝ အလျောက် ပေါက်ရောက်၏။

ဖော့ပင်သည် အမြဲစိမ်းသစ်တော များအောက်တွင် ကောင်းစွာပေါက် ရောက်ပြီး ချောင်းများအနီး သို့မ ဟုတ် စိုစွတ်သောနေရာများတွင် ပေါက်ရောက်လေ့ရှိ၏။ ၎င်း၏ ကြီးမားသော၊ ထူးခြားသော နှင်းပွင့် ပုံသဏ္ဌာန် အရွက်များ ကြောင့် အာ ရှဒေသသည် မူရင်းဖြစ်သော်လည်း ကမ္ဘာတစ်ဝှမ်းတွင် အထူးသဖြင့် အပူပိုင်းဥယျာဉ်များတွင် စိုက်ပျိုးလာကြ၏။ မြန်မာနိုင်ငံတွင် ဖော့ဖူး "Hpaw-bu" ဟူသော ဒေသ အမည်ဖြင့် လူသိများပြီး ပဲခူး၊ ရန် ကုန်၊ စစ်ကိုင်း၊ မန္တလေး၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် ပေါက်ရောက် ပြီး အထူးသဖြင့် မဲခေါင်ဒေသတွင် စားသုံးကြသော သဘာဝ အပင်တစ် မျိုးဖြစ်ပြီး ယင်း၏ ပရိုတင်းဓာတ် မြင့်မားမှုနှင့် ဆေးဖက်ဝင် ဂုဏ်သတ္တိ များကြောင့် လူသိများ၏။

ဖော့ပင်သည် ဝါးတစ်ပြန်ခွဲခန့် အမြင့်အထိ ရှင်သန်ကြီးထွားနိုင်ပြီး သဘော်ပင်နှင့် ဆင်တူပြီး အပင်မှာ ကိုင်းဖြာခြင်းမရှိပေ။ ပင်စည်တွင် အညိုရောင်အမွှေးများနှင့် မာကြော သည့်ဆူးများဖုံးလွှမ်းနေ၏။ အရွက် များမှာ ကြီးမားပြီး လက်ဝါး ပုံသဏ္ဌာန်ရှိကာ ရွက်ထီးဖြစ်ပြီး ရွက်လွှဲထွက်၏။ ရွက်ကြောဖြာပြီး ရွက်နားတွင် လွှသွားပုံဖြစ်၏။ အပင် ၏ ထိပ်ဖျားအကိုင်းကြားမှ ပန်းခိုင် လေးများ အစုလိုက်ထွက်ပြီး ပန်းပွင့် များမှာ စိမ်းဝါရောင်ရှိ၏။

ဖော့ပင်မှ ပန်းဖူးနှင့် အပွင့် များသည် အာဟာရဓာတ်ကြွယ်ဝ သောဟင်းသီးဟင်းရွက်ဖြစ်ကြောင်း လေ့လာမှုအရ ဖော်ပြထား၏။ ပန်း ဖူးနှင့် အပွင့် ၁၀၀ ဂရမ်တွင် ပရို တင်းဓာတ်၏ အရင်းအမြစ်ကြွယ်ဝ စွာပါဝင်ပြီး ၂၀ ဒသမ ၂၅ ရာခိုင် နှုန်းမှသည် ၄၁ ရာခိုင်နှုန်းခန့်၊ ကာဗို ဟိုက်ဒရိတ် ၇ ဒသမ ၆၄ ရာခိုင်နှုန်း ခန့်၊ အမိုင်နိုအက်ဆစ်၊ ဖလေဗာနွိုက်နှင့် ဖီနောလ်တို့အပါအဝင် ဓာတ် တိုးဆန့်ကျင် ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်၏။

ဖော့ပင်ကို နှင်းပွင့်သစ်ပင်အဖြစ် လူသိများပြီး ရိုးရာအာရှဆေးပညာ တွင်အဆစ်အမြစ်ရောင်ရမ်း နာကျင် ခြင်း၊ အရိုးကျိုးခြင်း၊ ဒဏ်ရာများကို ကုသရန်နှင့် အရေပြားအနာများ အတွက် အနာကျက်ဆေးအဖြစ် အသုံးပြုကြ၏။ ဆေးဝါးဗေဒဆိုင်ရာ လေ့လာမှုများအရ ၎င်း၏ ရောင်ရမ်း မှုကို ဆန့်ကျင်နိုင်စွမ်း၊ ဓာတ်တိုး ခြင်းကိုဆန့်ကျင်နိုင်စွမ်း၊ သွေးတွင်း သကြားဓာတ်ကို ထိန်းညှိပေးနိုင် စွမ်း၊ ကင်ဆာရောဂါကို ဆန့်ကျင်နိုင် စွမ်းနှင့် ဘက်တီးရီးယားများကို သေ စေ နိုင်စွမ်း ဂုဏ်သတ္တိများရှိ၏။

• အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားတစ် ဝှမ်းရှိ ရိုးရာကုထုံးပညာရပ်များအရ အပင်၏ အစိတ်အပိုင်းအမျိုးမျိုးကို ဖျားနာခြင်း၊ ဗိုက်အောင့်ခြင်း၊ သွေး တိုးရောဂါတို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

• လာအိုတွင် ဖော့ပင်၏ အမြစ်နှင့် ပင်စည်၏ ပြုတ်ရည်ကို မီးဖွားပြီး နောက် ပြန်လည် အင်အားပြည့်ဖြိုး ကောင်းမွန် လာစေရန်၊ သားအိမ် ကျုံ့ခြင်းကို မြှင့်တင်ရန်နှင့် နို့ထွက် အားကောင်းစေရန် အသုံးပြုကြ၏။

• အရွက်များကို ဗိုက်အောင့်ခြင်း ဝေဒနာအတွက် ကုသရန် ဆေး အဖြစ်အသုံးပြုကြ၏။

• အမြစ်နှင့် အရွက်များကို အထွေ ထွေ အားဆေးအဖြစ် အသုံးပြု ကြ၏။

• အပင်၏အရွက်များ၊ အမြစ်များ၊ ပင်စည်များနှင့် အသီးများ၏ ပြုတ် ရည်များနှင့် အုံဆေးများ အပါအဝင် အဆစ်အမြစ်ရောင်ရမ်းခြင်းနှင့် အစာအိမ်ရောဂါများကို ကုသရာ တွင် အသုံးပြုကြ၏။

• ရိုးရာတိုင်းရင်းဆေးပညာရပ်အရ အရွက်များနှင့် အသီးများတွင် အဓိက အားဖြင့် triterpenoid saponins နှင့် polyphenols များ မြင့်မားစွာ ပါဝင်မှုကြောင့် ခန္ဓာကိုယ်အပူကို လျှော့ချရန်၊ နို့ထွက်အားကောင်းစေ ရန်နှင့် အရေပြားပြဿနာများကို ကု သရန်အတွက် အသုံးပြုကြ၏။

ဖော့ပင်သည် ကင်ဆာဆဲလ်များ ကို ဆန့်ကျင်နိုင်စွမ်းရှိပြီး အထူး သဖြင့် အရိုးကင်ဆာဆဲလ်နှင့် အစာ အိမ်ကင်ဆာ ဆဲလ်များ၏ ကြီးထွား မှုကို ဟန့်တားပေး၏။

• ဖော့ပင်၏အစိတ်အပိုင်းများကို အရိုးနှင့် အဆစ်တစ်ရှူးများတွင် ဆဲလ် များရောင်ရမ်းမှုကို သိသိသာသာ လျှော့ချ ပေးသည်ကို တွေ့ရှိရ၏။

• ဖော့ပင်သည် အပင်များတွင် ရောဂါဖြစ်စေသော မှိုများကို တိုက် ဖျက်နိုင်သည့် အလားအလာကောင်း များရှိပြီး အပင်ပိုးသတ်ဆေးအဖြစ် အသုံးပြုကြ၏။

ဖော့ပင်၏ အဖူးများ၊ ပန်းပွင့်များ နှင့် အရွက်နုများကို စားသုံးကြပြီး ပန်းပွင့်များကို ၎င်းတို့၏ ထူးခြား သော အရသာအတွက် ဟင်းလျာ များတွင် မကြာခဏ ချက်ပြုတ်စား သုံးကြ၏။ ဖော့ဖူးနှင့် ပန်းပွင့်များ တွင် အမွှေးအမျှင် အနည်းငယ်ရှိပြီး ခါးဆိမ့်သောအရသာရှိသည့်အတွက် ဆားနှင့်နယ်ကာ ရေဖြင့်သေချာ ဆေးကြောပြီးမှသာ ဟင်းလျာများ ကို ပြင်ဆင်ချက်ပြုတ်တို့မြှုပ်အဖြစ် စားသုံးသင့်၏။

• ဖော့ပင်၏ အဖူးများ၊ ပန်းပွင့်များ ကို ရေနွေးဖျောပြီးလျှင် ခရမ်းချဉ် သီးပန်ထွေဖျော်၊ ပဲပုပ်ထောင်း၊ ပဲပုပ် ချက်၊ ခရမ်းချဉ်သီးငပိချက်၊ ငပိသုပ်၊ ငပိထောင်း သံပရာရည်ဆမ်း၊ ငပိ ရည်ကျိုဖျော်တို့နှင့် တွဲဖက်ပြီး တို့စရာအဖြစ် စားသုံးကြ၏။

• ဖော့ပင်၏ အဖူးများ၊ ပန်းပွင့်များ ကို ရေနွေးဖျောပြီးလျှင် ရေစစ်ထား ပါ။ ငရုတ်သီးစိမ်းနှင့် ကြက်သွန်ဖြူ တို့ကိုလည်း မီးဖုတ်ပြီး မညက်တ ညက်ထောင်းပါ။ ပြီးလျှင် ပုစွန် ခြောက်/ငါးခြောက်/အသားခြောက် ဖုတ်/ငါးကြော် အနည်းငယ် ထည့် ထောင်းပါ။ ပြီးလျှင် ရေနွေးဖျော ထားသော ဖော့ဖူးများကို ထည့်ပါ။ အရသာအတွက် ဆားနှင့် ဟင်းခတ် မှုန့် တို့ကိုပါ ထည့်ထောင်းပါ။ ခါး ဆိမ့်သက်စပ်မွှေးအရသာနှင့် ဖော့ဖူး ထောင်းလေးရပါပြီ။ ထမင်းဖြူနှင့် တွဲဖက် စားသုံးနိုင်သကဲ့သို့ ရေနွေး ကြမ်းပူပူလေးနှင့်လည်း တွဲဖက်စား သုံးနိုင်၏။

• ရေနွေးဖျောထားပြီးသော ဖော့ဖူး များ၊ ပန်းပွင့်လေးများကို မုန်ညင်းချဉ်၊ နှစ်သက်ရာ အသားတစ်မျိုးမျိုးနှင့် ရောပြီး ကြော်စားလျှင်လည်း အလွန် ခံတွင်းရှင်းလှပေ၏။

• အချို့ကလည်း ဖော့ဖူးလေးများကို အခြားသော ဟင်းရွက်စုံများနှင့်ရော ကာ ဆန်လှော်ဟင်းအဖြစ်လည်း ချက်စားကြ၏။

• အိန္ဒိယနှင့် ထိုင်းနိုင်ငံဒေသများ တွင် ဖော့ပင်၏ အဖူးများ၊ ပန်းပွင့် နှင့် ရွက်နုလေးများကို ဟင်းသီးဟင်း

စာ-၁၅ သို့



ကျောဖုံးမှ-

ထိုင်းနှင့် ဗီယက်နမ်တို့သည် ၎င်းတို့၏ ကောက်ပဲသီးနှံထွက်ကုန်အများစုကို တရုတ်နှင့်ဂျပန်တို့သို့ တင်ပို့ပါသည်။ ၎င်းတို့နောက်တွင်မှ ဥရောပ နှင့် အရှေ့အလယ်ပိုင်းတို့သို့ တင်ပို့ပါသည် ။ နိုင်ငံတစ်နိုင်ငံ ၏ တစ်နှစ်အတွင်း ပြည်တွင်းစားနပ်ရိက္ခာ ထုတ်လုပ်မှုသည် ထိုနိုင်ငံ၏ လူဦးရေအားလုံးကို တစ်နှစ် အတွင်း အာဟာရပြည့်ဝစွာ ကျွေးနိုင်ပါက ၎င်းကို " နိုင်ငံ၏ ရိက္ခာဖူလုံမှုအချိုး ၁၀၀ ရာခိုင်နှုန်း" ( overall self sufficiency rate 100% ) ရှိသည်ဟုခေါ်ပါသည် ။ ဂျပန်၏ ဖူလုံမှုအချိုးမှာ ၃၈ ရာခိုင်နှုန်း ( ဂျပန်လူဦးရေသန်း ၁၂၀ အနက် လူဦးရေ ၄၅ ဒသမ ၆ သန်း) အတွက်သာ ဂျပန်ပြည်တွင်းမှ စားနပ်ရိက္ခာထုတ်လုပ်နိုင်ပါသည်။ တရုတ်နိုင်ငံ၏ ထိုအချိုးမှာ ၆၈ ရာခိုင်နှုန်း ဖြစ်ရာ တရုတ်ပြည် လူသန်း၁၄၂၀ အနက်မှ လူသန်း ၉၀၀ စာမျှသာ ပြည်တွင်းမှ နှစ်စဉ်ထုတ်လုပ်နိုင်ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် အမေရိကထံမှ ပဲပုပ် တစ်မျိုးထဲကိုပင် မက်ထရစ်တန် သန်း ၉၀ ခန့် ဝယ်ယူတင်သွင်းခဲ့ပါသည် ။ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်ကုန်အများစုကိုလည်း တရုတ်ပြည်သို့ တင်ပို့ပါသည်။ တရုတ်နှင့်ဂျပန် ၂ နိုင်ငံပေါင်း လူသန်း ၆၀၀ ခန့် အတွက် စားနပ်ရိက္ခာ လိုအပ်နေရာ အနီးမှ ဗီယက်နမ်နှင့် ထိုင်းတို့သည် ချမ်းသာသော ထိုနှစ်နိုင်ငံ၏ ကြီးမားသော ဈေးကွက်ကြီးဆီ လမ်းပေါက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ဝယ်လက်နိုင်ငံ၏ စံသတ်မှတ်ချက်များနှင့်အညီ တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ဖို့ သာလိုပေသည်။

**အခက်အခဲများနှင့် စိန်ခေါ်မှုများ**

လက်ရှိ မြန်မာနိုင်ငံ၏ ဒေသအခြေအနေများ၊ စီးပွားရေးအခြေအနေများ၊ အချို့နေရာများတွင် နည်းပညာ စိန်ခေါ်မှုများ၊ ငလျင်၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက် သဘာဝဘေးအန္တရာယ်တို့ကြောင့် ဆည်မြောင်းအဆောက်အဦများ ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်းတို့အတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ မည်သည့်ခေတ်ကနှင့်မျှ မတူအောင်ကြုံတွေ့လာကြရပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ အားထုတ်မှု**

ထို့အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ (အရာထမ်း/အမှုထမ်းများ) သည် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များအတိုင်း စိန်ခေါ်မှု အခက်အခဲများကို အကောင်းဆုံး လျှော့ချဖြေရှင်း ကျော်လွှားနိုင်ရေး အတွက် ကြိုတင်ကြံဆဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် စသည်တို့၏ ဦးဆောင်မှု ခံယူလက်တွဲအလုပ်လုပ်ခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြီး အသိပညာအတွေ့အကြုံ ဖလှယ်ကာ အကောင်းဆုံး အကြံဉာဏ်များ ဖော်ထုတ် လက်တွေ့အသုံးချဆောင်ရွက်လျက်ရှိပါသည်။ စိန်ခေါ်မှု အခက်အခဲများကို အကောင်းဆုံး ကြံ့ကြံ့ခံ ဖြေရှင်းကာ မိမိတို့တောင်သူများ ပိုမိုအဆင်ပြေ ဘဝတိုးတက်မြင့်မားရေး၊ ရေပေးဝေနိုင်သည့်ဧက စိုက်ဧကတိုးချဲ့နိုင်ရေး၊ ရေအားလျှပ်စစ် ပိုမိုထုတ်လုပ်နိုင်ရေး၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ဌာနဝန်ထမ်းများသည် အမြဲမဆုတ်မနစ် တွဲလက်ညီစွာ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းနေမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည် ။

**ကိုပိုတောက် (ဆည်/ရေ)**

စာ-၁၄ မှ

ရွက်အဖြစ် စားသုံးကြပြီး တစ်ခါတစ်ရံတွင် အဆာပြေစားစရာအဖြစ်လည်း ပြုလုပ်စားသုံးကြ၏။

• အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဇိုရမ်ဒေသနှင့် ထိုင်းနိုင်ငံတို့တွင် ပန်းပွင့်များ၊ အဖူးများနှင့် အညွန့်များကိုရိုးရာ အစားအစာများတွင် ဟင်းချိုများ၊ ချဉ်ငံစပ်ဟင်းလျာများ သို့မဟုတ် အသုပ်များ ပြုလုပ်ရာတွင် အသုံးပြုကြ၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ဖော့ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး





တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ အတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**

စာ-၉ မှ

ချင်း သီးခြား ဆောင်ရွက်ရန်လိုအပ်ပါသည်။ အကောင်းဆုံး ထီး/မ ရွေးချယ်ပြီးသားစပ်ခြင်းဖြင့် မျိုးနီးသားစပ်မှုနှင့် မျိုးပျောက်ကွယ်မှုကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ မျိုးသန့်များရွေးချယ်ရန်လိုအပ်ပါသည်။ သို့မှသာမျိုးမြှင့်ခြင်းဆောင်ရွက်နိုင်ပါမည်။ မျိုးဗီဇ ထိန်းသိမ်းမှုဗဟိုဌာနထူထောင်ပြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။

နွားမွေးမြူခြင်း ဝင်ငွေတိုးတက်မှု

မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူ ၆၀ ရာခိုင်နှုန်း နွားမွေးမြူရေးကိုဆောင်ရွက်ကြသည်။ ခိုင်းစေရန်နှင့် ဝင်ငွေ ရရှိရန်အတွက်ဖြစ်သည်။ ဒေသနွားများသည် ကြီးထွားမှုနှင့် ထုတ်လုပ်မှုမကောင်းကြပါ။ ထုတ်လုပ်မှုကောင်းရန် အတွက် မျိုးမြှင့်တင်မှု ဆောင်ရွက်ရပါမည်။ မျိုးမြှင့်ပြီးပါက စနစ်တကျအစာကျွေးခြင်း၊ ရောဂါကာကွယ်ခြင်းဆောင်ရွက်ရပါမည်။ ပြည်ပတင်ပို့သည့် မူဝါဒချမှတ်ရပါမည်။ အသားတိုးမွေးဘက်မွေးစနစ် မွေးမြူရေးဆောင်ရွက်ပြီး အစာပေးခြင်း၊ ဈေးကွက်အာမခံခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်ခြင်း ဆောင်ရွက်ရပါမည်။ နွားမွေးမြူထုတ်လုပ်ခြင်းမှ ၄၀ ရာခိုင်နှုန်း ဝင်ငွေတိုးတက်လာပါမည်။

မြန်မာနိုင်ငံသည် ပြည်တွင်းအသားလိုအပ်ချက်များကို ဖြည့်ဆည်းခြင်းပြုနိုင်သလို ASEAN နိုင်ငံများသို့ သဘာဝအခြေခံ အရည်အသွေးမြင့်အသားထုတ်ကုန်များကို တရားဝင်တင်ပို့သည့် နိုင်ငံဖြစ်လာပါမည်။ အောက်ပါ အချက်များ ဆောင်ရွက်ရန် လိုအပ်ပါသည် -

**- မျိုးမြှင့်တင်ခြင်း လုပ်ငန်း ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ရန်၊**
**- ဒေသအခြေအနေအလိုက် တိရစ္ဆာန်အစာထုတ်လုပ်ခြင်းနှင့် စားကျက်စိုက်ပျိုးခြင်း ဆောင်ရွက်ရန်၊**
**- ရောဂါကင်းရှင်းဇုန်နှင့် ပြည်ပတင်သို့ သည် စစ်ဆေးချက်လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊**
**- ပုဂ္ဂလိက အခန်းကဏ္ဍမှ အသားတိုးမွေးမြူခြင်း၊ ခေတ်မီသားသတ်ရုံနှင့်-အအေးခန်းများ တည်ဆောက်ရန်၊**
**- ဒေသနွား မျိုးထိန်းမျိုးပွား Nucleus ခြံများ တည်ထောင်ထိန်းသိမ်းရန်၊**

မြန်မာနိုင်ငံသည် One Health အခြေခံ အစားအစာလုံခြုံစိတ်ချရမှုနှင့် ကိုက်ညီကာ ခိုင်မာသည့် Livestock Exporter အဖြစ် ASEAN နိုင်ငံများအတွင်း ဝင့်ထည်စွာ ထိုးဖောက်ရောက်ရှိစေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ရဲထွန်းဝင်း**

စာ-၁၃ မှ

စားသောက်ဆိုင်များ အဝယ်ပုံမှန်ရှိနေသည်။

မန္တလေးဝန်းကျင်မှ ရှေ့သခွားများ လှိုင်လှိုင်ဝင်ရောက်ပြီး တစ်လုံး ၁၀၀၀ မှ ၂၀၀၀ ကျပ်၊ စတော်ဘယ်ရီ ၅ ပိဿာ တစ်ဖာလျှင် ၅၅၀၀၀ ကျပ်၊ သီပေါနာနတ်တစ်လုံး ၂၀၀၀ ကျပ်၊ ဇီးပန်းသီး တစ်ဖာ ၂၀၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ် ထောပတ်သီး ၁၂၀ လုံးပါ တစ်အိတ် ၄၀၀၀၀ ကျပ်၊ ရမည်းသင်းစပျစ်သီး ရိုးရိုးတစ်ပိဿာ ၁၀၀၀၀ကျပ်၊ အလုံးကြီးအာဂျီတစ်ပိဿာ ၂၀၀၀၀ ကျပ်ဖြင့် မန္တလေးသစ်သီးဆိုင်များ အနီးဝန်း ကျင်မြို့များမှ လာရောက်ဝယ်ယူခြင်း ပြင်ဦးလွင် အောင်လံ ပခုက္ကူ စသောအမှာရှိသော မြို့များသို့ ရုံဖန်ရုံခါ တင်ပို့ ရမှုရှိသည်။

**ခင်မေကြည်**

စာ-၅ မှ

သနမှ ကျွမ်းကျင်ပညာရှင်၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဘင်းမ်စတက် အတွင်းရေး မှူးရုံး မှ တာဝန်ရှိသူများ စုစုပေါင်း ကိုယ်စားလှယ် ၄၀ ဦးခန့် ပါဝင် တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**MOALI**

# စိုက်ပျိုးစီးပွား မြင့်မားစေရန် ကြိုးစားကြမည် ကွဲလက်ဘီ




ပေါင်းလောင်းရေလှောင်တမံရေသောက်စနစ်မှ စိုက်ပျိုးရေပေးဝေနေပုံ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရွယ်အစားအရ ကြီးမားသော (a sizeable country) နိုင်ငံစာရင်းတွင် ပါဝင်ပြီး မြစ်ချောင်းအင်းအိုင်ပေါများကာ ရေချိုအရင်းအမြစ် ကြွယ်ဝမှုအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ ခုတွင် အဆင့် (၁၂) ဖြစ်ပါသည်။ သို့သော် မြန်မာ့ရေချိုအရင်းအမြစ်များ၏ ၆ ရာခိုင်နှုန်းခန့်ကိုသာ လျှပ်စစ်ထုတ်ဖို့အတွက်၊ စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် အသုံးပြုနိုင်ပေသေးသည်။ ဆိုလိုသည်မှာ တိဗက်နှင်းတောင်တန်းများမှ ရေခဲများအရည်ပျော်ပြီး မြန်မာနိုင်ငံ၏ မြစ်ချောင်းများ အတွင်း ဖြတ်သန်းစီးဆင်းမှုသည် တစ်နှစ် (ဥပမာ) ဂါလံ ၁၀၀ ရှိသည်ဆိုပါစို့။ ထိုထဲမှ ၆ ဂါလံကိုသာ (ဆည်ဆောက်၊ မြစ်ရေတင်ပြီး) လျှပ်စစ်ထုတ်ရန်၊ စိုက်ပျိုးရေအဖြစ် အသုံးပြုရန် စသည်တို့အတွက် အသုံးချနိုင်သေးပြီး ကျန်တာကို မိမိတို့ ဘာမှမသုံးနိုင်ဘဲ သမုဒ္ဒရာထဲစီးဆင်း ရောက်ရှိသွားလေသည်။

## လက်ရှိအခြေအနေ

ရှေးဘုရင်များလက်ထက်မှ ယနေ့အထိ ခေတ်အဆက်ဆက် ဆည်မြောင်းပညာရပ်များဖြင့် ရေသွယ်ယူစိုက်ပျိုးခဲ့ရာ ယနေ့မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံယုံမျှမက နိုင်ငံရပ်ခြားသို့ပါ တင်ပို့ရောင်းချ နိုင်နေပြီဖြစ်သည် ။ သို့သော် ရေအရင်းအမြစ်အသုံးချနိုင်မှု လက်ရှိအခြေအနေမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သူတို့ထက် နောက်ကျနေကြောင်း ကိန်းဂဏန်းများက ဖော်ပြနေပေသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဆည်ကြီး ပေါင်း ၆၈၂ ခုရှိပြီး ၊ ဗီယက်နမ်တွင်ဆည်ပေါင်း ၇၃၀၀ ခန့် ရှိပါသည်။ ထို့မျှမက ဗီယက်နမ်တွင် လက်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ဆည်ပေါင်း ၁၁၀၀ ( အချို့ တည်ဆောက်ပြီးစီး ၊ အချို့ တည်ဆောက်ဆဲ ) တည်ဆောက်လျက်ရှိကာ ၎င်းတို့အားလုံးပြီးစီးပါက လျှပ်စစ်မဂ္ဂါဝပ် ၃၇၀၀၀ ထွက်ရှိမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် ဆည်ပေါင်း ၉၈၀၀၀ ခန့်ရှိပြီး အမေရိကတွင် ဆည်တစ်သိန်းခန့်ရှိပါသည်။ မြန်မာပြည်တွင် ရေလှောင်တမံ ၂၄၇ ခုအပါအဝင် ဆည်တာတမံ ရေပေးဝေရေး အဆောက်အဦပေါင်း ၆၆၂ ခုရှိပါသည် ။ ထိုင်းနိုင်ငံတွင် စိုက်ဧက ၆၅ သန်းရှိပြီး ၎င်းတို့၏၂၈ ရာခိုင်နှုန်း၊ ဗီယက်နမ်တွင် စိုက်ဧက ၂၃ သန်း ရှိပြီး ၎င်းတို့၏ ၂၅ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် စိုက်ဧက ၃၁သန်း ရှိပြီး ၎င်းတို့၏ ၁၉ ရာခိုင်နှုန်းကို ဆည်ရေပေးဝေနိုင်ပါသည်။ သီးနှံထွက်ရှိမှုအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံသည် သူ၏လူဦးရေ ၇၁ သန်းပြည်တွင်းထွက် ကောက်ပဲသီးနှံများဖြင့် ဝလင်စွာကျွေးနိုင်သည့်အပြင် ကမ္ဘာကို ကောက်ပဲသီးနှံ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံဖိုး တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ( တစ်ဘီလီယံ သည် ဒေါ်လာ သန်း ၁၀၀၀ ဖြစ်ပါသည်။) ဗီယက်နမ်နိုင်ငံသည် ၎င်း၏ လူဦးရေ ၁၀၁ သန်းကို ဝလင်စွာ ကျွေးနိုင်သည့်အပြင် စိုက်ပျိုးထုတ်ကုန် - သစ်တောထွက်- ငါးတို့ကို ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာသို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ဖိုး တင်ပို့ခဲ့ပါသည်။ မြန်မာနိုင်ငံမှ ၂၀၂၅ ခုနှစ်အတွင်းကမ္ဘာသို့ အမေရိကန်ဒေါ်လာ ၄ ဘီလီယံဖိုးသာ ကောက်ပဲသီးနှံ တင်ပို့နိုင်ခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း ဗီယက်နမ်သည် ကော်ဖီတစ်မျိုးတည်းကိုပင် ကမ္ဘာသို့ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံဖိုးတင်ပို့ခဲ့ပါသည်။ ( မြန်မာ့ကောက်ပဲသီးနှံ ထုတ်ကုန် အဝဝ တင်ပို့မှုတန်ဖိုး၏ ၂ဆဖြစ်ပါသည်။) ဗီယက်နမ်သည် ကမ္ဘာတွင် တရုတ်ပြီးလျှင် ဒုတိယအများဆုံး ဆန် တင်ပို့သူဖြစ်ပြီး၊ ဘရာဇီးလ်ပြီးလျှင် ကမ္ဘာကို ကော်ဖီဒုတိယ တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပါသည်။

## ရှေ့ဆက်ရန်ခရီးနှင့် အနာဂတ်မျှော်မှန်းချက်

ဤတွင် မြန်မာ့ဆည်မြောင်းသည် မြန်မာ့စိုက်ပျိုးရေးကို ပိုမိုထိရောက်စွာ ပံ့ပိုးအထောက်အကူပြုဖို့၊ မြန်မာလူထုအတွက် လျှပ်စစ်ထုတ်ဖို့ ရေအားလျှပ်စစ်ဆည်များ တည်ဆောက်ဖို့၊ မြစ်ရေတင်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်ဖို့ ရှေ့ခရီးဆက်ရန် လိုအပ်နေကြောင်းတွေ့ရှိရပါသည်။ တည်ဆောက်ပြီးရှိရင်းစွဲတို့ကို ထိန်းသိမ်းရန် လိုအပ်ကြောင်း အထူးပြောရန်မလိုပါချေ။ ထင်ရှားသည့်သာဓကတစ်ခုအနေဖြင့် အီဂျစ်နိုင်ငံ၏ တစ်ခုတည်းသော မြစ်ကြီးဖြစ်သော နိုင်းလ်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် 'အာဆွမ်' တမံသည် အီဂျစ်နိုင်ငံ စိုက်ဧက ၁၀ သန်း ၏ ၉၅ % ကို ဆည်ရေပေးဝေနိုင်ပါသည် ။ မြန်မာနိုင်ငံတွင် မြစ်မကြီးလေးခု (ဧရာဝတီ ၊ ချင်းတွင်း ၊ သံလွင် ၊ စစ်တောင်း) ရှိသည့်အနက် စစ်တောင်းမြစ်မကြီး ပေါ်တွင်သာ အထက်ပေါင်းလောင်းဆည်၊ ဆောင်ရွက်ဆဲ အလယ်ပေါင်းလောင်းဆည်၊ အောက်ပေါင်းလောင်းဆည်များ တည်ဆောက်နိုင်ပြီး၊ ကျန်သုံးခုပေါ်၌ မြစ်မကြီးများပေါ်တွင် ဆည်မတည်ဆောက်နိုင်သေးပါ။ မြစ်လက်တက်များပေါ်တွင်သာ တည်ဆောက်နိုင်ပါသေးသည်။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ အထွက်တိုးဖို့ သူများနှင့်အမီလိုက်ရန် စိုက်ဧကချဲ့ထွင်နိုင်ဖို့ အခြေခံအဆောက်အဦများ များစွာ လိုအပ်နေဆဲ ဖြစ်ပါသည်။

## အခွင့်အလမ်း

မြန်မာနိုင်ငံတွင် ရေချိုမြစ်ချောင်းအရင်းအမြစ်ပေါများခြင်း၊ ရေလှောင်တမံအများစုကို တည် ဆောက် ရန်အတွက် မြေသား၊ ကျောက်၊ သဲ စသည့် သဘာဝပစ္စည်းများပေါများခြင်း၊ ရေပေးဝေရေး အခြေခံအဆောက်အဦများ တည်ဆောက်ရန်အတွက် အတွေ့အကြုံရှိ ပညာရှင်များရှိခြင်း၊ (အိမ်နီးချင်းများနှင့် နှိုင်းယှဉ်ပါက) လုပ်သားခဈေးသက်သာခြင်း၊ တည်ဆောက်ရေးပစ္စည်းများ (အခြားနိုင်ငံများထက် ဈေးသက်သာနေသေးခြင်း) စသည့်အခွင့်အလမ်းများရှိနေပါသည်။ မြန်မာ့ရေအရင်းအမြစ်များမှ လျှပ်စစ် မဂ္ဂါဝပ် ၇၀၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဟု ပညာရှင်များက တိုင်းတာထုတ်ပြန်ထားပါသည်။ အကြီးစား၊ အလတ်စား၊ အသေးစား ရေအားလျှပ်စစ်ဆည်များ တည်ဆောက်ရန်သာလိုပါသည်။ မြန်မာတစ်ပြည်လုံး ၂၄ နာရီ လျှပ်စစ်မီးလင်းရန် မဂ္ဂါဝပ် ၈၀၀၀ လိုအပ်ပြီး ယခုအခါ ပြည်တွင်းမှ မဂ္ဂါဝပ် ၄၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ပါသည်။ အများစုမှာ ဘီလူးချောင်း ၊ ရဲရွာ ၊ ပေါင်းလောင်း စသော ရေအားလျှပ်စစ်ဆည်များ မှ ဖြစ်ပါသည် ။

သီးနှံအထွက်တိုးလျှင် ဈေးကွက်ဝေစုအနေဖြင့်လည်း မိမိနိုင်ငံအနီးတွင်ပင် ကြီးမားစွာရှိနေပါသည်။

စာ-၁၅ သို့